# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၇၇)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ ၇-၉-၂၀၂၄၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် ရက်ပိုင်းသာလိုပြီး လုပ်ငန်းကြီးသည် ငွေအင်အား၊ လူအင်အား၊ ကျွမ်းကျင်မှုအားများ လိုအပ်သကဲ့သို့ စေတနာအား၊ စိတ်ဓာတ်ခွန်အားများလည်းလိုအပ်

## မိမိတို့၏ ကိုယ်ပိုင်အင်အားနှင့် စွမ်းဆောင်ခဲ့သည့် သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် မှတ်ကျောက်တင်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၆

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ သို့ ❍

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် စက်တင်ဘာ ၆

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


အသက်နှစ်ဆရှည်စေနိုင်မည့် ဆဲလ်ဖြစ်စဉ် အမေရိကန်သုတေသီများ လေ့လာတွေ့ရှိ စာမျက်နှာ ၇

စီရော်နယ်ဒို ကစားသမားဘဝ သွင်းဂိုး ၉၀၀ ပြည့်မြောက် စာမျက်နှာ ၁၁



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၂၃ ) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၇ ရက် ၊ စနေနေ့ ။

မန္တလေး နေ့စဉ်

## လေထုအရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိ

လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် လေထုအရည်အသွေးများရှိသော ပတ်ဝန်းကျင်ရရှိစေရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက လေထုအရည်အသွေးစံချိန်စံညွှန်းများ ရေးဆွဲထုတ်ပြန်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လေထုညစ်ညမ်းမှုကြောင့် လူသားတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့်အပြင် လေထုညစ်ညမ်းမှုကြောင့် ရာသီဥတုပြောင်းလဲမှု ဆိုးဝါးစေပြီး စိုက်ပျိုးသီးနှံထွက်နှုန်းများ ကျဆင်းလာခြင်း၊ သီးနှံများ၏ ကြီးထွားနှုန်း လျော့နည်းလာပြီး အာဟာရဖြစ်မှုတန်ဖိုးလည်း လျော့ကျစေနိုင်ကြောင်း၊ မှန်လုံအိမ်ဓာတ်ငွေ့နှင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ကာဗွန်ထုတ်လွှတ်မှုနည်းသော အစိမ်းရောင်နည်းပညာများ ပိုမိုကျယ်ပြန့်စွာအသုံးပြုရေး မြို့ပြတည်ဆောက်ရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် နည်းပညာသစ်များ အသုံးပြုနိုင်ရေး၊ သစ်တောနှင့် ဂေဟစနစ် ထိန်းသိမ်းစောင့်ရှောက်ရေးများတွင် ဌာန၊ အဖွဲ့အစည်းနှင့် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ လေထုညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်နိုင်ပါက ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်ဆုံးရှုံးမှုတို့ကို ဖြေရှင်းနိုင်မည့်အပြင် မိမိတို့၏ သားစဉ်မြေးဆက်အတွက် သန့်ရှင်းသော လေထု၊ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်နှင့်အတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း လက်ဆင့်ကမ်းအမွေပေးနိုင်မှာဖြစ်ကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက စက်တင်ဘာ ၆ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကျင်းပသည့် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့"ဖြစ်သည်။

သို့ဖြစ်ရာကမ္ဘာ့နိုင်ငံများအနေဖြင့် လူသားတို့၏ ကျန်းမာရေးကို သိသိသာသာထိခိုက်နေသည့် လေထုညစ်ညမ်းမှုကို တိုက်ဖျက်နိုင်ရန်အတွက် ပိုမိုနိုင်မာသည့် ပူးပေါင်းဆောင်ရွက်ဖြေရှင်းမှုများတွင် ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့်လည်း ခိုင်မာသည့် မူဝါဒများချမှတ်နိုင်ရေး၊ ရာသီဥတု ပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ တာဝန်ခွဲဝေယူမှုများကို အလေးထားဆောင်ရွက်ရေး၊ လေထုအရည်အသွေးစံချိန်စံညွှန်းများ ရေးဆွဲထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက်အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်း စာမူများရွေးချယ်



**မန္တလေး စက်တင်ဘာ ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၂)နှစ်မြောက် အထိမ်းအမှတ်နှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေနိုင်ရေးအတွက် မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတ၊ ရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍစသည့် ကဏ္ဍစုံထည့်သွင်းဖော်ပြနိုင်ရေးအတွက် စာမူများရွေးချယ်ခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါမဂ္ဂဇင်းတွင် အသုံးပြုဖော်ပြသွားမည့်စာမူများကို အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ် စာရေးဆရာများ အသင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မန္တလေးနေ့စဉ်သတင်းစာတိုက်စာတည်းမှူးနှင့် အယ်ဒီတာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး စာမူများကို ရွေးချယ်စိစစ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

## စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း (၁/၂၀၂၄)သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)၌ စခန်းအခြေပြု ပြန်လည် ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)ရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဦး၊ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ (မန္တလေး)၊ မန္တလေးလူငယ်သင်တန်းကျောင်း၊ အမှတ်(၁၇)မူးယစ် အထူးတပ်ဖွဲ့စု၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို)၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း MANA DIC၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဝါးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များအကြောင်း၊ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းနှင့်ပတ်သက်၍ ပြောကြားပြီးနောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

## အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**မိတ္ထီလာ စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်သော ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အထက(၂) ရတနာခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲ အခမ်းအနားတွင် ဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ ဖြစ်ပေါ်လာပုံအကြောင်းကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးအောင်သန်းနိုင်က ယခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ ဆောင်ပုဒ်ဖြစ်သော သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး အသိပညာပေးဟောပြောကြသည်။

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသူ၊ ကျောင်းသားများအား အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့နှင့် ပတ်သက်သော အထွေထွေဗဟုသုတများကို ဉာဏ်စမ်းမေးမြန်းပြီး ဖြေဆိုနိုင်သူများအား ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်၊ ခရိုင်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၅၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

- ❖ သန်းခေါင်စာရင်းလုပ်ငန်းတစ်ခုလုံး၏အဓိကကျသည့် ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဆောင်ရွက်ကြရမည်
- ❖ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကိုလည်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ကြမည်ဟု အပြည့်အဝယုံကြည်
- ❖ တိကျမှန်ကန်ပြီး အရည်အသွေးပြည့်ဝသည့် သန်းခေါင်စာရင်းအချက်အလက်များ ရရှိစေရန် သန်းခေါင်စာရင်းကောက်ယူမည့် ကာလအတွင်းတွင် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်ကွပ်ကဲမှု၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်၏ အနီးကပ်ကြီးကြပ်မှု၊ စာရင်းစစ်၊ စာရင်းကောက်များ၏ ကြိုးစားအားထုတ်မှုများအပေါ်တွင် ရာနှုန်းပြည့်မူတည်နေပြီး ပြည်သူများကလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်

○ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

မကြာမီပြီးစီးတော့မည်

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် သန်းခေါင်စာရင်းလုပ်ငန်း စီမံကိန်းတစ်ခုလုံး အောင်မြင်စေရန် အသေးစိတ်စီမံချက်ရေးဆွဲပြီး လုပ်ငန်းစဉ် တစ်ဆင့်ချင်းအလိုက် လုပ်ငန်းအချိန်ဇယား သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစပြီး ၃၆ လကြာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မကြာမီ ပြီးစီးတော့မည် ဖြစ်ကြောင်း။

ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်မည်ဆိုပါက GIS နည်းပညာနှင့် စာရင်းကောက်ကွက်များ ဖွဲ့စည်းခြင်း၊ CAPI စနစ်တည်ဆောက်ခြင်းနှင့် Application ရေးသားခြင်း၊ စာရင်းစစ်၊ စာရင်းကောက်များ ခန့်ထားခြင်း၊ Mobile Tablet နှင့် ဆက်စပ်ပစ္စည်းများ၊ စာရင်းစစ်၊ စာရင်းကောက် အသုံးအဆောင်ပစ္စည်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ ပေးပို့ခြင်းစသည့် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်၍ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ မြေပြင်တွင် သန်းခေါင်စာရင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့်၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရာတွင် ကြီးကြပ်ရမည့် သန်းခေါင်စာရင်းကော်မတီ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ထို့ပြင် သန်းခေါင်စာရင်းဆိုင်ရာ ပြည်သူလူထုအသိပညာပေး လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသည်ကိုတွေ့ရှိရကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်း အထိမ်းအမှတ်အဖြစ် ပြည်သူများသို့ မိန့်ခွန်းပြောကြားခဲ့ပါကြောင်း၊ အဆိုပါမိန့်ခွန်းမှ အရေးကြီးသည့် အချက်တစ်ချက်ကို ဖော်ပြရမည်ဆိုပါက **"နိုင်ငံတော်၏ အနာဂတ်၊ ပြည်သူများ၏ မျှော်လင့်ချက်၊ လိုအပ်ချက်များကို ပုံဖော်ပေးနိုင်မည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်"** တိုက်တွန်းနှိုးဆော်ထားသည်ကို တွေ့ရကြောင်း။

ယခုအခါ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီများ၏ ကြီးကြပ်ကွပ်ကဲမှုနှင့် သန်းခေါင်စာရင်းသင်တန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်စသည်ဖြင့် အချိန်ဇယားအတိုင်း အဆင့်ဆင့်ဖွင့်လှစ်နေကြပြီး သင်တန်းပြီးဆုံးပါက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို သတ်မှတ်ရက်တွင် နိုင်ငံတစ်ဝန်း မြေပြင်ကွင်းဆင်း စတင်ကောက်ယူသွားမည်ကို အသိပေးလိုကြောင်း။

သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်ကို သတ်မှတ်အချိန်ဇယားနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၏ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုအပေါ် နိုင်ငံတော်အစိုးရကိုယ်စား မိမိအနေဖြင့် ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း။

တစ်တပ်တစ်အားပါဝင်

သန်းခေါင်စာရင်း လုပ်ငန်းတစ်ခုလုံး၏ အဓိကကျသည့် ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာလ ၁ ရက်နေ့မှ၁၅ ရက်နေ့အထိဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကိုလည်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ကြမည်ဟု အပြည့်အဝယုံကြည်ကြောင်း၊ တိကျမှန်ကန်ပြီး အရည်အသွေးပြည့်ဝသည့် သန်းခေါင်စာရင်း အချက်အလက်များရရှိစေရန် သန်းခေါင်စာရင်းကောက်ယူမည့် ကာလအတွင်းတွင် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ၏ ဦးဆောင်ကွပ်ကဲမှု၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်၏ အနီးကပ်ကြီးကြပ်မှု၊ စာရင်းစစ်၊ စာရင်းကောက်များ၏ ကြိုးစားအားထုတ်မှုများအပေါ်တွင် ရာနှုန်းပြည့်မူတည်နေပြီး ပြည်သူများကလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

သန်းခေါင်စာရင်း ကောက်ယူရာနှင့် သင်တန်းများဖွင့်လှစ်ရာတွင် အသုံးပြုရမည့် အသုံးအဆောင်ပစ္စည်းများကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ အသုံးအဆောင်ပစ္စည်းများကို စာရင်းစစ်၊ စာရင်းကောက်များလက်ဝယ်သို့ အချိန်မီရောက်ရှိအောင် ထုတ်ပေးနိုင်ရေး၊ လေလွင့်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး၊ မသမာသူများလက်ဝယ်မရောက်ရှိစေရေး စသည်များကိုလည်း အထူးဂရုစိုက်ရန်လိုကြောင်း။

သန်းခေါင်စာရင်းကို နိုင်ငံတစ်ဝန်း တစ်ပြိုင်တည်း ကောက်ယူနေစဉ်တွင်လည်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တာဝန်ရှိသူများအနေဖြင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူနေသည့် စာရင်းစစ်၊ စာရင်းကောက်များ၏ နည်းပညာပိုင်းနှင့် ဘာသာရပ်ပိုင်းဆိုင်ရာ အခက်အခဲများကို ချက်ချင်း ကူညီဖြေရှင်းပေးနိုင်ရေး ပြင်ဆင်ထားရန်လိုကြောင်း၊ အထူးသဖြင့် CAPI နည်းပညာနှင့် Mobile Tablet များကို အသုံးပြုဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အင်တာနက်နှင့် နည်းပညာအခက်အခဲကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ပြင်ဆင်ထားကြရန် မှာကြားလိုကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရန် အချိန်ကာလအားဖြင့် ၂၄ ရက်သာ ကျန်ရှိကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရမည့်ကာလကို ၁၅ ရက် သတ်မှတ်ထားသော်လည်း လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများအရ ရက်တိုးမြှင့်ကောက်ယူရန်လိုအပ်ပါက သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီများက တင်ပြဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း။

ရနိုင်သမျှအပြီးကောက်ယူ

အဆိုပါကိစ္စနှင့်ပတ်သက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက **"သန်းခေါင် စာရင်းကောက်ယူခြင်းကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ အတတ်နိုင်ဆုံး ရသည့်နေရာများတွင် သတ်မှတ်ချက်အတိုင်း ကောက်ယူရန်နှင့် မကောက်ယူနိုင်သည့် နေရာများတွင် လုံခြုံရေးများ ထပ်မံချထားပြီး ကာလသတ်မှတ်၍ မြေပြင်အမှန်ရသမျှ ကောက်ယူရန်"** ဟုလမ်းညွှန်ထားကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ကို လိုက်နာဆောင်ရွက်ရန်နှင့် ရှေ့ပြေးစာရင်းထုတ်ပြန်မည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ မတိုင်မီ ရနိုင်သမျှအပြီး ကောက်ယူရန် မှာကြားလိုကြောင်း။

သန်းခေါင်စာရင်း လုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကလည်း မဖြစ်မနေ လိုအပ်ခြင်းကြောင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအရ မြေပြင်တွင် အခက်အခဲများ၊ စိန်ခေါ်မှုများ မလွှဲမသွေ ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ သို့သော် လုပ်ငန်းကြီးကို စီမံချက်ပါအတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လွှမ်းခြုံနိုင်ရန်၊ တစ်ယောက်မကျန် စာရင်းကောက်ယူနိုင်ရန်၊ မေးမြန်းသမျှအပေါ်တွင်လည်း မှန်ကန်စွာ ဖြေကြားကြရန်နှင့် လိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များ ရရှိစေရန် ပါဝင်ဆောင်ရွက်ကြမည့် တာဝန်ရှိသူများ၊ ပြည်သူများအနေဖြင့် ကြုံတွေ့ရမည့် အခက်အခဲနှင့် စိန်ခေါ်မှုများကိုဝိုင်းဝန်း ဖြေရှင်း ဆောင်ရွက်သွားကြရန်ပြောကြားလိုကြောင်း။ စာမျက်နှာ ၄ သို့ ○

○ စာမျက်နှာ ၃ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို ယူထားသည့် ကာလအတွင်းတွင် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်စိတ်နှင့် အခက်အခဲတိုင်းကို မဖြစ်မနေ ဖြတ်သန်းကျော်လွှားပြီး အောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကြိုတင်မြော်တွေးနိုင်မှု၊ ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်း အဖြေရှာမှုများနှင့်ပင် ပြဿနာကို ကျော်လွှားသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် တိကျမှန်ကန်သည့် သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း။

❖ ရှေ့ဆက်ပြီးဆောင်ရွက်ရမည့် လုပ်ငန်းအများစုသည် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာများနှင့်သာမက လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များဖြစ်

❖ ပြည်သူလူထုအတွင်း ကွင်းဆင်းထိတွေ့ ဆောင်ရွက်ရမည့် မြေပြင်လုပ်ငန်းများက ပိုမိုများပြားလာခြင်းကြောင့် အားလုံးပါဝင်ကူညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုများသည် ပိုမိုအရေးကြီး

## ပူးပေါင်းပါဝင်ဆောင်ရွက်

ပြီးခဲ့သည့်ကာလများအထိ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ် အများစုသည် သန်းခေါင်စာရင်းလုပ်ငန်းကြီးကို တာဝန်ခံဆောင်ရွက်ရမည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တစ်ခုတည်းဖြင့် ဆောင်ရွက်၍ရသည့် လုပ်ငန်းများဖြစ်ကြောင်း၊ သို့သော် ရှေ့ဆက်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းအများစုသည် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာများနှင့်သာမက လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးကပါ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူလူထုအတွင်း ကွင်းဆင်းထိတွေ့ ဆောင်ရွက်ရမည့် မြေပြင်လုပ်ငန်းများက ပိုမိုများပြားလာခြင်းကြောင့် အားလုံးပါဝင်ကူညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုများသည် ပိုမိုအရေးကြီးသည်ကို ပြောကြားလိုကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် ရက်ပိုင်းသာလိုပြီး လုပ်ငန်းကြီးသည် ငွေအင်အား၊ လူအင်အား၊ ကျွမ်းကျင်မှုအားများ လိုအပ်သကဲ့သို့ စေတနာအား၊ စိတ်ဓာတ်ခွန်အားများလည်း လိုအပ်ကြောင်း၊ ယခုဆောင်ရွက်မည့်လုပ်ငန်းသည် နိုင်ငံတကာ အကူအညီမပါဘဲ မိမိတို့၏ကိုယ်ပိုင်အင်အားနှင့် စွမ်းဆောင်ခဲ့သည့် သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် မှတ်ကျောက်တင်နိုင်အောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်း လက်တွဲဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အထောက်အကူပြုပစ္စည်းများ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေထားရှိမှု၊ ပင်မသန်းခေါင်စာရင်း မကောက်ယူမီ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခဲ့မှု၊ စာရင်းစစ်၊ စာရင်းကောက်များ ခန့်အပ်ထားရှိမှု၊ နည်းပြသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့မှု၊ သန်းခေါင်စာရင်းအကြောင်း ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးဆောင်ရွက်နေမှုနှင့် သန်းခေါင်စာရင်း ကောက်ယူသွားမည့် နယ်မြေအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည့် အစီအမံများနှင့် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်က ဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၆

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်းနှင့် ရွှေကြာပင်လမ်းထောင့်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးတရားရုံးများတည်ဆောက်မည့် မြေနေရာ၌ ကျင်းပသည်။




## စုပေါင်းစိုက်ပျိုး

အခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်နှင့် ညွှန်ကြားရေးမှူးများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနားခရိုင်တရားရုံး၊ လယ်ဝေးခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတို့မှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ရုံးဝန်ထမ်းများက ရတနာတန်းဝင် ကျွန်းပင်စုစုပေါင်း ၂၅၂ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလမ်းပြမြေပုံ ၂၀၂၅-၂၀၃၀ နှင့် မဟာဗျူဟာများ ထွက်ပေါ်လာစေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၆

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း ၂၀၂၂ ဖြင့် ဆောင်ရွက်သော အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လမ်းပြမြေပုံနှင့် မဟာဗျူဟာများ ပေါ်ထွက်နိုင်ရန်အတွက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ လက်ရှိဆောင်ရွက်နေမှုများနှင့် အမျိုးသားလူမှုစီးပွားရေးရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးနေမှုများကို Stakeholders များနှင့် ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လမ်းပြမြေပုံနှင့် မဟာဗျူဟာများ ထွက်ပေါ်လာစေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။



ဆွေးနွေးပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ပြည်တွင်းအတိုင်ပင်ခံပညာရှင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၄ ခုမှ မူဝါဒဆိုင်ရာ ပညာရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ UMFCCI မှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ MSMEs အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များနှင့် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လမ်းပြမြေပုံနှင့် မဟာဗျူဟာများ(ပဌမမူကြမ်း) အတည်ပြုနိုင်ရေးအဆင့်အတွက် အပြီးသတ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့ပြင် ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ ပညာရှင်များက လမ်းပြမြေပုံနှင့် မဟာဗျူဟာပဌမမူကြမ်းတွင် အာဆီယံဒေသတွင်း STI ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏ STI ဖွံ့ဖြိုးတိုးတက်မှု လက်ရှိအခြေအနေ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်သုံးယာဉ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ STI ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ ၂၀၂၅-၂၀၃၀ ခုနှစ်အတွက် လမ်းပြမြေပုံနှင့် မဟာဗျူဟာမြောက်ရည်မှန်းချက်များ၊ နယ်ပယ်ခြောက်ခုနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အကျိုးကျေးဇူးနှင့် မျှော်မှန်းရလဒ်များ အဓိက ထည့်သွင်းရေးဆွဲခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲ ကျင်းပ



**အမရပူရ စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ် အတွင်း ဒေသခံတောင်သူများ အနေဖြင့် လယ်ယာသုံးစက် ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာစေရေး၊ လက်မှု လယ်ယာစနစ်မှ စက်မှုလယ်ယာ စနစ်သို့ အသွင်ကူးပြောင်းဆောင် ရွက်နိုင်ရေး၊ လုပ်သားအင်အား ရှားပါးမှုပြဿနာ ဖြေရှင်းပေး နိုင်ရေး၊ အချိန်တိုအတွင်း စိုက် ဧကများစွာကို ထွန်ယက်စိုက်ပျိုး နိုင်ခြင်းနှင့် စပါးအထွက်နှုန်း ကောင်းမွန်စေခြင်းစသည့် ကောင်းကျိုးများစွာရရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီး ဌာနတို့ ပူးပေါင်း၍ အင်ဂျင်စွမ်း အားသုံး (၆)တန်းသွားလက်ဆွဲ ကောက်စိုက်ဖြင့် မိုးစပါးစိုက်ပျိုး ခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီတွင် အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ ဂျီရွာ ကျေးရွာ၊ ကွင်းအမှတ်(၅၇၀-ခ)၊ ပေါက်အင်းကွင်း၊ ဦးပိုင်အမှတ် (၄၆/၁)ရှိ ဒေသခံတောင်သူ ဦးမြင့်မောင်၏ လယ်မြေ(၃ ဒသမ ၀၀)ဧကအတွင်း၌ ကျင်းပပြု လုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြပွဲတွင် မန္တလေးစက်မှုဇုန်၊ ဇွန်ငါးပွင့် စက်မှုလက်မှုလုပ်ငန်း(စိန်ပန်း အဖွဲ့)မှ ထုတ်လုပ်ထားသည့် အင်ဂျင်စွမ်းအားသုံး(၆)တန်းသွား အသုံးပြု၍ စိုက်ပျိုးရာတွင် စိုက်ခင်းလယ် မျက်နှာပြင် ညီညာရန် လိုအပ်ခြင်း၊ ပျိုးခင်း အတွက် နေရာအနည်းငယ်သာ လိုအပ်ခြင်း၊ မျိုးစေ့နှုန်းထား အနည်းငယ်ဖြင့် စပါးအထွက်နှုန်း ကောင်းမွန်စေခြင်း၊ ကောက်ကွက် နှင့် ကောက်ပင်အတိမ်အနက် လိုအပ်သလိုချိန်ညှိစိုက်ပျိုးနိုင် ခြင်း၊ ပျိုးသက်နုနုဖြင့် စိုက်ပျိုး ခြင်း၊ ကောက်ပင်လှန်မြန်ခြင်းနှင့် ပင်ပွားအရေအတွက် ပိုမိုရရှိခြင်း၊ တစ်ဧက ကောက်ကွက်ပြည့်မီ ခြင်း၊ ရာသီဥတု ပြောင်းလဲလာ သည်တို့တွင် အချိန်မှီစိုက်ပျိုး နိုင်ခြင်းနှင့် အင်ဂျင်စွမ်းအားသုံး (၆)တန်းသွား လက်ဆွဲကောက် စိုက်စက်၏ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များကို မြို့နယ် ဦးစီး ဌာနမှူး ဦးသွယ်မောင်မောင် ထွန်းမှ အသေးစိတ်ရှင်းလင်းပြော ကြားခဲ့သည်။

အဆိုပါ သရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါက်တာမိုးဆွေရည်က အကျိုး တူ တောင်သူများအား ဓာတ် မြေဩဇာများ ဖြန့်ဝေပေးခဲ့ပြီး ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာ ရှိ ဦးမျိုးဇော်ဝင်းက ရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းပြော ကြားခဲ့သည်။

အင်ဂျင်စွမ်းအားသုံး ၆ တန်းသွား လက်ဆွဲကောက်စိုက် စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ အမရပူရမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များ၊ ကျေးရွာ(၅)ရွာမှ ဒေသခံတောင်သူ များ စုစုပေါင်း ၃၇ ဦးခန့် စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှု စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**စိုးသီဟ(အမရ)**

## မိတ္ထီလာမြို့ သမိုင်းဝင်ဖောင်တော်ဦးစေတီတော်ပုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်ပြိုင်ပွဲဝင်လှေအသင်းများ နေ့စဉ်လှော်ခတ်လေ့ကျင့်

**မိတ္ထီလာ စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ (၁၄၁)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်တွင်ထည့်သွင်း ကျင်းပသော မြန်မာ့ရိုးရာလောင်း လှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်လှေအသင်းများ မိတ္ထီလာ ကန်ထဲတွင် နေ့စဉ်လှော်ခတ် လေ့ကျင့်လျက်ရှိကြောင်း သိရ သည်။

"ဖောင်တော်ဦးဘုရားပွဲ စတင်မှာက စက်တင်ဘာ ၁၀ ရက်ဖြစ်ပြီး လှေပြိုင်ပွဲစတင် ကျင်းပမှာက ၁၁ ရက်နေ့ဆို တော့ ပြိုင်ပွဲရက်က ရက်သတ္တ ပတ်တစ်ပတ်တောင်မလိုတော့ ဘူးလေ။ ပြိုင်ပွဲဝင်တဲ့ အချိန် မှာ ပြိုင်ဘက်အသင်းတွေကို အကောင်းဆုံးယှဉ်ပြိုင်လှော်ခတ် နိုင်ဖို့အတွက် ကျွန်တော်တို့



ရပ်ကွက်ပါဝင်ယှဉ်ပြိုင်မယ့် လှေအသင်း ၃ သင်းစလုံး နေ့စဉ် လှော်ခတ်လေ့ကျင့်နေကြတာဖြစ် ပါတယ်။ အငယ်တန်းပြိုင်ပွဲမှာ ၃ သင်းပါဝင်ယှဉ်ပြိုင်သွားမှာဖြစ် ပါတယ်"ဟု နန်းတော်ကုန်း ရပ်ကွက်မှ ပါဝင်ယှဉ်ပြိုင်မည့် လှေပြိုင်ပွဲဝင်လှေအသင်းတာဝန် ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မြန်မာ့ရိုးရာလောင်း လှေပြိုင်ပွဲတွင် အကြီးတန်း ၆ သင်း၊ အငယ်တန်း ၂၀ သင်း၊ အမျိုးသမီးအသင်း ၅ သင်း စုစုပေါင်း ၃၁ သင်းပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲအား စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်(တော်သလင်းလပြည့်နေ့) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရ သည်။

**(အပေါ်ပုံ)**

**(ဦးစိုး)**

## မိုးစပါးအထွက်နှုန်းရရှိရေး စံပြကွက် ဓာတ်မြေဩဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ



**တံတားဦး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့ နယ်တွင် ပြည်သူများဒေသ ဝမ်းစာဖူလုံရေးအတွက် ၂၀၂၄- ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုး ရာသီတွင် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မိုးစပါး စံပြ ကွက်များအား တောင်သူများမှ ဓာတ်မြေဩဇာ စုပေါင်းကြဲပက် ခြင်းကို ယနေ့နံနက် ၁၀ နာရီက တံတားဦးမြို့နယ် ချောင်းခွ ကျေးရွာအုပ်စု ချောင်းခွကျေးရွာ ကွင်းအမှတ် ၁၄၁၂(ခ) တောင်သူ ဦးစိုးလှိုင်ဦး၏ မိုးစပါးစိုက် ခင်း ဧက(၂၀)တွင် ဆောင်ရွက် ကြောင်းသိရသည် ။

ထိုသို့ ဆောင်ရွက်ရာသို့ တံတားဦးခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် ခရိုင်အဆင့် တာဝန်ရှိသူများ၊ တံတားဦးမြို့နယ် စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက် ရောက်ကြပြီး မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးကနေဒီထွန်းက မိုးစပါးစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားရေး နှင့် တစ်ဧကပန်းတိုင်အထွက် နှုန်းရရှိရေးအတွက် စိုက်ပျိုးရေး ဆိုင်ရာနည်းစနစ်များ၊ ဒေသ နှင့်ကိုက်ညီသော မျိုးကောင်း မျိုးသန့်များ ပြောင်းလဲစိုက်ပျိုး ခြင်းဖြင့် ရရှိလာမည့် အကျိုး ကျေးဇူးများ စပါးပင်၏ သက် တမ်းအလိုက် ဓာတ်မြေဩဇာ လိုအပ်ချက်များကို အချိန်ကိုက် အချိုးကျထည့်သွင်းအသုံးပြုရေး၊ လေလွင့်ဆုံးရှုံးမှုမရှိရေး၊ သဘာဝ မြေဩဇာနှင့် ရောနှော၍ စနစ် တကျ အသုံးပြုရန်နှင့် ပိုးမွှား ရောဂါကျရောက်မှုမရှိရေး၊ ရေ သွင်းရေထုတ်မှန်ကန်ရေးတို့ကို ရှင်းလင်းပြောကြား၍ ဒေသခံ တောင်သူများက မိုးစပါးစံပြ ကွက်များအား ဓာတ်မြေဩဇာ စုပေါင်း ကြဲပက်ပေးကြပြီး မိုး စပါးစံပြကွက် ဧက(၂၀) စိုက်ပျိုး သည့် တောင်သူဦးစိုးလှိုင်ဦးအား သဘာဝမြေဩဇာနှင့် 15 - ပတ် လည်ကွန်းပေါင်း ဓာတ်မြေဩဇာ များကို ထောက်ပံ့ပေးသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့ နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်တောင်သူများ သည် မိုးစပါးမျိုးယှဉ်ပြိုင် စမ်းသပ်ကွက် (၄)မျိုးဖြစ်သည့် ဧရာမင်းစပါး ၊ ဆင်းသုခစပါး၊ GW – 11စပါးနှင့် GW – 18 စပါးစိုက်ပျိုးအောင်မြင်ဖြစ် ထွန်းမှုကို ကြည့်ရှုကြကြောင်း သိရသည် ။

**(အပေါ်ဝဲပုံ)**

**ဦးရဲတင့်(ပြန်/ဆက်)**

## ဝါသီးနှံ မျိုးကောင်းမျိုးသန့်ရွေးချယ်အသုံးပြုရေးဆိုင်ရာ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ပြသရှင်းလင်း

**သာစည် စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက တောင်သူများဒေသ နှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သော ဝါသီးနှံရွေးချယ် စိုက်ပျိုးနိုင်ရန် တောင်သူများ ပါဝင်သော ဝါသီးနှံမျိုးကောင်း မျိုးသန့် ရွေးချယ်အသုံးပြုရေး ဆိုင်ရာ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ပြသရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲက သဲပုတ်ကုန်းကျေးရွာ တောင်သူဦးဝင်းဋ္ဌေး၏ မကျီးကန် ကွင်းအမှတ်(၁၈၀၀)ဦးပိုင်အမှတ် ၈၃ ရှိ စမ်းသပ်ကွက်၌ ပြုလုပ်ခဲ့ သည်။



အဆိုပါ မျိုးယှဉ်ပြိုင် စမ်းသပ်ကွက် ပြသရှင်းလင်းပွဲ၌ မြို့နယ်အုပ်ချုပ်ရေးမှူးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာ စကားပြောကြားရာတွင် တောင်သူ များအနေဖြင့် ဒေသနှင့် ကိုက်ညီ သည့် မျိုးကောင်းမျိုးသန့် ဝါသီးနှံများ ရွေးချယ်စိုက်ပျိုးရန် နှင့် စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူ များအားသိရှိလိုသည်များ မေးမြန်း ဆွေးနွေးပြီး ဆောင်ရွက်ကြရန် ပြောကြားသည်။ ဆက်လက်၍ မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီး ဌာနခရိုင်ဦးစီးမှူး ဒေါ်စန္ဒာ လင်းက မျိုးယှဉ်ပြိုင် စမ်းသပ် ကွက်ဆောင်ရွက်ရခြင်းနှင့် ရည် ရွယ်ချက်များကို ရှင်းလင်းပြော ကြားရာ တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အဆိုပါ မျိုးယှဉ်ပြိုင် စမ်းသပ်ကွက်တွင် ဝါမျိုး ၁၁ မျိုးစိုက်ပျိုးထားသည်။

အဆိုပါ မျိုးယှဉ်ပြိုင် စမ်းသပ်ကွက် ပြသရှင်းလင်းပွဲသို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဌေးဌေး နှင့် ဝန်ထမ်းများ၊ အောင်သာ၊ မကျီးကန်နှင့် ယင်းမရိုးကျေးရွာ အုပ်စုတို့မှ တောင်သူများတက် ရောက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၄၈၇)**

ပန်းမန်သစ်ပင် လေသန့်စင်၍
ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏ ။

# ဒုတိယအကြိမ် ဗုဒ္ဓဂယာ ခရီးသွားမှတ်တမ်း



(၂၀-၇-၂၀၂၄)ရက် စာမျက်နှာ-၆ မှအဆက်

ရာဇဂြိုဟ်သို့

အပိုင်း(၄)

အားလုံးတံဆိပ်တုံးထုပြီး၍ နယ်စပ်မှ ထွက်ခွာရသောအချိန်သည် ညနေ ၃နာရီ ၄၅ မိနစ်ရှိပေပြီ။ အိန္ဒိယနိုင်ငံတွင်းသို့ ပြန်ဝင်သော လမ်းမကြီးကို တိုးချဲ့ပြင်ဆင်လျက်ရှိကြောင်း တွေ့ရသည်။ မိုးပျံလမ်းဟု ခေါ်ရမည့် တံတား ရှည်ကြီးများ ဆောက်လက်စကိုလည်း တစ်လမ်းလုံးတွေ့ရသည်။ လုပ်ငန်းခွင်များကြားမှ ဖြတ်သွားရသောအခါတွင် ဖုန်တထောင်းထောင်း ထနေသည်။

အာဏာရပါတီက မဲရှေးပွဲနီး၍ လုပ်အားပြနေသလား၊ အစိုးရတိုင်း၏ တာဝန်ဖြစ်သော သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းရန် ဆောင်ရွက်နေသလား မခွဲခြားနိုင်ပါ။ မြို့ငယ်လေးများတွင် အတိုက်အခံပါတီမှ ကိုယ်စားလှယ်လောင်းများ၏ ဗီနိုင်းပိုစတာလေးများ ချိတ်ထားသည်ကို တွေ့ရသည်။ ၅ပေ၊ ၆ပေခန့်သာ ရှိသည်။ အာဏာရပါတီ၏ ပိုစတာများနှင့် ယှဉ်လျှင် ဆင်နှင့်ဆိတ်ပမာ အရွယ်အစားကွာခြားမှု ရှိပါသည်။ သူတို့၏ ရွေးကောက်ပွဲဥပဒေတွင် ပါတီရန်ပုံငွေရှာကြံခြင်း၊ သုံးစွဲခြင်းအတွက် မည်သို့ ပြဋ္ဌာန်းထားကြောင်း သိလိုလှသည်။ လယ်ယာမြေဥပဒေကတော့ ကျွန်တော်တို့နှင့် မတူကြောင်း သိရသည်။ အိန္ဒိယတွင် စီမံကိန်းသီးနှံမရှိ၊ မိမိပိုင်လယ်ယာမြေတွင် တွက်ချေကိုက်မည်ထင်သော သီးနှံကို စိုက်ပျိုးခွင့်ရှိသည်။ လယ်ထဲတွင် အိမ်ဆောက်လိုက ဆောက်နိုင်သည်။ ထိုသို့ဆောက်ထားသော တိုက်အိမ်လေးများကိုလည်း တွေ့ရသည်။ ရာဇဂြိုဟ်သို့ ည ၈ နာရီကျော်မှ ရောက်ကြသည်။ အဇာတသတ်မင်း၏ နန်းတော်အနီးမှ လူပုဂ္ဂိုလ်တစ်ဦးပိုင်ဆိုင်သော မြန်မာဘုန်းကြီးကျောင်းတွင် ညအိပ်တည်းခိုကြသည်။ ဤဘုန်းကြီးကျောင်း၏ ကျောင်းထိုင်ဆရာတော် ပျံလွန်တော်မူသောအခါ သံဃာထဲမှ ကျောင်းအမွေဆက်ခံသူမရှိသဖြင့် ၎င်း၏ တူဖြစ်သူကို အမွေပေးခဲ့ကြောင်း၊ ဘုန်းကြီးကျောင်းတွင် ဘုန်းကြီးမရှိလျှင် မတင့်တယ်သဖြင့် မြန်မာအစိုးရက ဘုန်းကြီးတစ်ပါးကို နှစ်စဉ်အလှည့်ကျ စေလွှတ်ပေးထားကြောင်း သိရသည်။ ထို့ကြောင့် အလှူငွေထည့်သောအခါ ဖလားနှစ်လုံးထည့်ရသည်။ ကျောင်းဝေယျာဝစ္စအတွက်နှင့် ဘုန်းကြီးအတွက် ခွဲထည့်ရသည်။ သံဃိကပစ္စည်းကို လူပုဂ္ဂိုလ်က အမွေဆက်ခံခြင်းမှာ တရားနည်းလမ်းမကျပေ။ သြဇာရှိသော ဆရာတော်ကြီးများ ဤကိစ္စကို အရေးတယူဆောင်ရွက်သင့်ပါသည်။ တည်းခဲ့သော ဘုန်းကြီးကျောင်းများတွင် ဤကျောင်းသည် အဆောက်အအုံလည်း ခေတ်နောက်ကျသည်။ ပရိဘောဂပိုင်း၊ သန့်ရှင်းရေးပိုင်းတွင်လည်း လိုအပ်ချက်များစွာရှိနေရာ ကျောင်းထိုင်ဘုန်းကြီးတစ်ပါး လိုအပ်နေကြောင်း လက်ရှိဆရာတော်မှလည်း အမိန့်ရှိသည်။ နံနက်စာစားပြီးနောက် သမိုင်းကြောင်းရှင်းပြနိုင်သည့် ဆရာတော်တစ်ပါးကို ပင့်ပြီး ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူရာ ကုသိနာရုံသို့ သွားကြသည်။ ကျွန်တော်တို့၏ ခရီးစဉ်မှာ 'ဖွား၊ ပွင့်၊ ဟော၊ စံ'ဟု ဆိုအပ်သည့် ဘုရားအလောင်းတော်ဖွားမြင်တော်မူရာ၊ ဘုရားပွင့်တော်မူရာ၊ ပရိနိဗ္ဗာန်စံတော်မူရာ စသည့်အစီအစဉ်တကျဖူးမြော်ရခြင်းမျိုး မဟုတ်ဘဲ ဘုရားဖူးပို့ဆောင်သော ကုမ္ပဏီမှ ရေးဆွဲထားသည့် ခရီးစဉ်အတိုင်းသွားလာရပါသည်။ ထို့ကြောင့် သွားသည့်ခရီးစဉ်အတိုင်း တင်ပြမှုတွင် အစီအစဉ်တကျ မရှိမှုကို တောင်းပန်အပ်ပါသည်။ မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူမည့် ကုသိနာရုံသို့ ဝေသာလီပြည်မှ ကြွချီခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့၏ ခရီးစဉ်မှာ ကုသိနာရုံမှ အပြန်တွင် ဝေသာလီသို့ ဝင်ကြပါမည်။ ဝေသာလီပြည်အဝင်တွင် မြတ်စွာဘုရားကို ဝေသာလီပြည်မှ ရှင်ဘုရင်နှင့် မင်းစိုးရာဇာများ၊ ပြည်သူများက မြတ်စွာဘုရားကို ဝေသာလီပြည် နယ်နိမိတ်အဆုံးထိ လိုက်ပို့ကြသည်။ နယ်စပ်နေရာတွင် မြတ်စွာဘုရားက ဗြဟ္မာကြီးများ ကပ်လှူထားသည့် သပိတ်(၄)လုံးကို အဓိဋ္ဌာန်ဖြင့် ဖိချလိုက်၍ အနားလေးရစ်ပါသော သပိတ်ကြီးဖြစ်လာသည့် ဘုရားရှင်ကိုယ်တော်မြတ် ဆွမ်းခံလေ့ရှိသော သပိတ်ကြီးကို စွန့်ကြဲပေးကမ်းခဲ့သည်။ ထို့နောက် မင်းပရိသတ်များ ဆက်မလိုက်နိုင်ရန် ချောင်းတစ်ခုဖန်ဆင်း၍ ဆက်ကြွသွားတော်မူသည်။ ထိုသပိတ်ကို ဌာပနာ၍ ထားသော စေတီတော်ပုံကို အောက်တွင် ဖော်ပြပါသည်။ ထိုမှဆက်ကြွသောအခါ ပါဝါပြည်မှ စုန္ဒကပ်လှူသော ဝက်သားဟင်းနှင့် ဆွမ်းဘုန်းပေးသည်။ ရေဆာတော်မူ၍ အာနန္ဒာကို ရေကပ်ခိုင်းရာ နောက်ကျိသော မြစ်ရေသာရှိ၍ သည်းခံတော်မူရန် လျှောက်ထားသော်လည်း သွေးဝမ်းသွားသဖြင့် အားအင်ကုန်ခမ်း မောပန်းတော်မူသော မြတ်စွာဘုရားရှင်က လှည်းအစီးငါးရာ မကြာမီက ဖြတ်သန်းသွားသဖြင့် နောက်ကျိသော မြစ်ရေကို ခပ်ခိုင်းသဖြင့် အာနန္ဒာက ခပ်လိုက်သောအခါ မြတ်စွာဘုရား၏ ဘုန်းတော်ကံတော်ကြောင့် မြစ်ရေများ ကြည်လင်သွားသည်။ ထိုရေကို သုံးဆောင်တော်မူပြီးနောက် အားအင်ပြည့်ဖြိုးကာ ဆက်လက်ထွက်ခွာခဲ့ပြီး ကုသိနာရုံအနီးတွင် (ဆုတောင်းပြည့်သည်ဟု ဒေသခံများ ယုံကြည်သည့် နောက်ဆုံးရေသပ္ပာယ်ခဲ့ရာ စေတီ)ရေကြည်တော်သုံးသပ်ပြီး မလ္လာမင်းတို့၏ ကုသိနာရုံအင်ကြင်းတောသို့ ဝင်ရောက်တော်မူခဲ့သည်။ ပရိနိဗ္ဗာန်စံဝင်တော်မူမည့်နေရာ (စေတီတည်ထား)အရှေ့က်တွင် မြောက်ဘက်သို့ ဦးခေါင်းချကာ အနောက်ဘက်သို့ စောင်းလျက် လဲလျောင်းတော်မူသည်။ ယခု ဖူးတွေ့ရသော လျောင်းတော်မူမှာ အေဒီ ၅ ရာစုတွင် ဒိန္နဆိုသူက အနီရောင်သဲကျောက် တစ်မျိုးတည်းဖြင့် ထုလုပ်ပူဇော်ခြင်းဖြစ်ပြီး ထိုနေရာနောက်ရှိ စေတီနေရာတွင် မြတ်စွာဘုရားလဲလျောင်းတော်မူခဲ့သည်။ ထိုနေရာတွင် သုပ္ပကို ကျွတ်တမ်းဝင်စေခဲ့ပြီး လူနတ်ဗြဟ္မာများ၏ ပူဇော်မှုကို ခံယူကာ သက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် ပရိနိဗ္ဗာန်စံတော်မူသည်။ မြတ်စွာဘုရား၏ ရုပ်ကလာပ်တော်ကို ၇ ရက်တိတိ အပူဇော်ခံပြီးနောက် နံ့သာထင်းများဖြင့် မီးပူဇော်သော်လည်း လောင်ကျွမ်းခြင်းမရှိဘဲ ရှင်မဟာကဿပ ရောက်လာသောအခါမှသာ အလိုလျောက်တေဇောဓာတ်လောင်ကျွမ်း၍ ဓာတ်တော်များ ကြွင်းလေသည်။ တေဇောဓာတ်လောင်ကျွမ်း၍ ဓာတ်တော်ကြွင်းခဲ့သော နေရာမှ မီးသွေးများကို ဌာပနာ၍ အင်္ဂါရစေတီတည်ထားသည်ကို ဖူးမြော်နိုင်ပါသည်။ ဓာတ်တော်များကို ဒေါနပုဏ္ဏားက ခုနှစ်ထောင်ပြည်မင်းများကို ဝေငှပေးခဲ့သည်။ ဓာတ်တော်ဝေသောနေရာ အထိမ်းအမှတ်ညောင်ပင်နှင့် ရုပ်ပွားတော်လေးကို သွားရောက်ဖူးမြော်ခဲ့ပါသည်။ ထိုနေရာသွားရန် လမ်းညွှန်ဆိုင်းဘုတ်တွင် "မည်သည့်အရာမျှ အမြဲမရှိ၊ သခါရသာဖြစ်သည်" ဟူသော မြတ်စွာဘုရား၏ တရားတော်နှင့်ဆိုင်းဘုတ်လေးကို တွေ့ရသည်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီတော်ဖြည့်ခဲ့သည့် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တရှိသည့် မြတ်စွာဘုရားပင် မလွန်ဆန်နိုင်သော အို နာ သေခြင်းကို ကျွန်တော်တို့ ရှောင်ကွင်းနိုင်ပါမည်လော။ ဗုဒ္ဓဝင်ဓာတ်ကြောင်းအရ ဤနေရာတွင် အဆုံးသတ်သော်လည်း အစီအစဉ်တကျမဟုတ်သည့် ကျွန်တော်တို့၏ ဘုရားဖူးခရီးကား မဆုံးသေးပေ။ ကမ္ဘာပေါ်တွင် ပထမဆုံးဒီမိုကရေစီကျင့်သုံးသည့် ဝေသာလီပြည်မှ နာလန္ဒာ၊ ထိုမှ ဗုဒ္ဓဂယာသို့ ခရီးဆက်လက်ထွက်ခွာမည်ဖြစ်ပါသည်။

ရာဇဂြိုဟ်သည် တောင်ငါးလုံးဝန်းရံထားသည့် တိုင်းပြည်ဖြစ်သည်။ ပထမဦးဆုံးသင်္ဂါယနာတင်သည့် ဝေဘာရတောင်သည်လည်း ထိုတောင်ငါးလုံးတွင်ပါဝင်သည်။ အဇာတသတ်မင်းက ဖခမည်းတော်ဗိမ္ဗိသာရမင်းကို ချုပ်နှောင်ခဲ့ရာ ထောင်နေရာ၊ ဆွန်ဘဏ္ဍာဟုခေါ်သည့် ကျောက်တော်ကို ထွင်းထုထားသည့် ဗိမ္ဗိသာရမင်း၏ ဘုရင့်ဘဏ္ဍာတိုက်၊ ဓာတ်တော်များသိုလှောင်သိမ်းဆည်းထားရာ ဓာတ်တော်တိုက်၊ ဂိဇ္ဈကုဋ်တောင်၊ ရာဇဂြိုဟ်မြို့ထဲရှိ ကျောက်သားလမ်းပေါ်တွင် လှည်းပေါင်းများစွာဖြတ်သန်းသွားသဖြင့် ထင်ကျန်ရစ်သော လှည်းဘီးရာများ၊ သမားတော်ဇီဝက၏ သရက်ဥယျာဉ် စသည်တို့ လေ့လာနိုင်ပါသည်။

ကျွန်တော်တို့ ဘုရားဖူးအဖွဲ့သည် ရာဇဂြိုဟ်မှ ထွက်ခွာခဲ့ပြီး ဝေသာလီမရောက်မီ သပိတ်တော်ဌာပနာထားသည့် စေတီကို ဖူးမြော်ကြသည်။ ထိုမှ ကပ်ဘေးကြောင့် လူသေများမြှုပ်မနိုင်အောင်ဖြစ်လာ၍ ဘီလူးများ မြို့တွင်းသို့ ဝင်ရောက်လာသဖြင့် မြတ်စွာဘုရားရှင်ထံ ကူညီပေးပါရန် အသနားခံ လျှောက်ထားသဖြင့် ရတနသုတ်ဖြင့် ကယ်တင်ခဲ့ရာ ဝေသာလီပြည်သို့ ရောက်ရှိပါသည်။ ယခင်က ဝေသာလီပြည်မှ ပြည်သူ၊ ပြည်သားများသည် အလွန်တရားချော့မောလှပကြသည်ဆို၏။ ယခုအခါတွင်တော့ ကျွန်တော်တို့ မြင်တွေ့နိုင်ခြင်း မရှိတော့ပါ။ ရတနသုတ်ကို စုပေါင်းရွတ်ဆိုပူဇော်၍ နာလန္ဒာသို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ နာလန္ဒာမြို့သည် ရှင်သာရိပုတ္တရာ၏ ဇာတိမြို့ ဖြစ်သည်။ နာလန္ဒာတက္ကသိုလ်သည် ရှင်သာရိ ပုတ္တရာ၏ ဉာဏ်ပညာကို ပူဇော်သောအားဖြင့် ဆောက်လုပ်ထားခဲ့သော ကျောင်းကြီးဖြစ်သည်။ ဖျက်ဆီးခံရသဖြင့် ယခုအခါ အုတ်ရိုးများသာ ကျန်ရှိသည်။ ရှင်သာရိပုတ္တရာစေတီသည် ကျန်ရှိသော အဆောက်အအုံထဲတွင် အကောင်းဆုံးဖြစ်သည်။ အုတ်ရိုးကြီးများမှာ ၆ ပေခန့် ထူထဲသည်။ မီးရှို့ခံရစဉ်က ၆ လခန့် လောင်ကျွမ်းနေခဲ့သည်ဟု သိရှိရသည်။ သဘာဝအားဖြင့် ပြိုပျက်ရန် ခက်ခဲသောထုထည် ကြီးမားခိုင်ခံ့သည့် အဆောက်အအုံကြီးများသည်လည်း အနိစ္စတရားကို မလွန်ဆန်နိုင်ကြောင်း သံဝေဂရစရာဖြစ်ပါသည်။

ထိုမှ နာလန္ဒာတက္ကသိုလ်သစ်သို့ သွားရောက်ကာ မြန်မာရဟန်းစာသင်သားများကို စုပေါင်းနဝကမ္မလှူဒါန်းကြသည်။ ကျွန်တော်ကမူ ရွှေဘိုနှင့် ကန့်ဘလူနယ်မှ ရဟန်းများကို သီးသန့်ထပ်မံလှူဒါန်းသေးသည်။ ဇာတိချစ်လျှင် တိုင်းပြည်ချစ်သည် မဟုတ်ပါလော။ ဘက်လိုက်သည်ဟု ယူဆသူရှိပါက ကျွန်တော်သည် ပုထုဇဉ်တစ်ဦးသာဖြစ်ပါကြောင်း ဝန်ခံအပ်ပါသည်။ ထိုမှ ဂယာသို့ အပြန်တွင် ၆ နှစ်တိုင် ဒုက္ကရစရိယာကျင့်တော်မူခဲ့သော ဥရုဝေလတောသို့ ဝင်ပါသည်။ ပင်ပန်းဆင်းရဲကြီးစွာ ကျင့်ကြံတော်မူသဖြင့် ကျောကို သုံးသပ်ပါက ဝမ်းဗိုက်၊ ဝမ်းဗိုက်ကို သုံးသပ်ပါက ကျောသို့ထိသည့်တိုင် အသားအရည်များ ခန်းခြောက်ကာ အသက်ဘေးအန္တရာယ်စိုးရိမ်ရသည်ဖြစ်၍ ဘုရားလောင်းသည် မိမိကိုယ်ကို ညှင်းဆဲသော ထိုအကျင့်ကို စွန့်လွှတ်ကာ အလယ်အလတ်လမ်းစဉ်ဖြစ်သော မဂ္ဂင်(၈)ပါး အကျင့်တရားကို ပြောင်းလဲကျင့်သုံးတော်မူမှသာ သမ္မာသမ္ဗောဓိ ရွှေဉာဏ်တော်ကို ရတော်မူ၍ ဘုရားစင်စစ် ဧကန်ဖြစ်တော်မူလေသည်။

ကျွန်တော်တို့လည်း နောက်နေ့တွင် ဘုရားပွင့်တော်မူရာ မဟာဗောဓိညောင်ပင်အောက်တွင် တရားထိုင်ခြင်း၊ စုပေါင်း၍ သင်္ကန်းကပ်လှူပူဇော်ခြင်းများ ပြုလုပ်ကြပါသည်။ သတ္တ သတ္တာဟ အောင်တော်မူသော ၇ နေရာ၊ သုဇာတာ၏ နို့ဆွမ်းကပ်လှူသောနေရာ၊ ၄၉ လုပ်ဘုန်းပေးတော်မူပြီး အဓိဋ္ဌာန်ဖြင့် အဖိုးတစ်သိန်းတန်ရွှေ ခွက်ကို မြစ်တွင်းမျှောလိုက်သောနေရာတို့ကို လေ့လာကြပါသည်။ ဤနေရာတွင် စာရှည်လျားသွားမည်စိုးသဖြင့် ဗုဒ္ဓဘာသာအများစု သိရှိထားပြီးဖြစ်သော ဗုဒ္ဓဝင်များကို အကျယ်ထည့်မရေးခြင်းကို ခွင့်လွှတ်တော်မူကြပါ။ အိမ်ပြန်ကြတော့မည်ဖြစ်သဖြင့် လက်ဆောင်ပစ္စည်းများ ထွက်ဝယ်ကြသည်။ ဘုရားဖူးသွားစဉ်ကာလက အိန္ဒိယငွေတစ်ရူပီးသည် မြန်မာငွေ ၄၅ကျပ်ခန့်နှင့် ညီမျှသော်လည်း ကုန်ဈေးနှုန်းမှာ သက်သာသည်။ Colgate, Oral B သွားတိုက်တံတစ်ချောင်းလျှင် ရူပီး ၂၀၊ မြန်မာငွေ ၉၀၀ ကျပ်သာရှိသည်။ ဈေးဆစ်တတ်ရန်တော့လိုသည်။ ဈေးသည်အများစုမှာလည်း မြန်မာစကားနားလည်သည်။ အင်္ဂလိပ်လို ပြောတတ်လျှင် ပညာတတ်ဟု ယူဆခံရသည်။ အိန္ဒိယ၏ ရုံးသုံးဘာသာစကားမှာလည်း အင်္ဂလိပ်ဖြစ်သည်။ နောက်နေ့တွင် လေဆိပ်ဆင်းကာ(၈-၃-၂၀၂၄)ရက်မှ စတင်ထွက်ခွာ၍(၁၇-၃-၂၀၂၄)ရက်အထိ ခွဲခွာခဲ့သည်မှာ လအနည်းငယ်သာ ရှိသေးသော်လည်း လွမ်းဆွတ်မိသည့် အမိမြေမြန်မာနိုင်ငံသို့ ဝမ်းမြောက်ဝမ်းသာပျံသန်းခဲ့ပါတော့သည်။

**ကျန်းမာရွှင်လန်းကြပါစေ ........**

**မြတ်သာထွန်း(ရွှေစံပြ)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## BTS Rapper Suga ၏ Agust D ဆိုသည်မှာ



BTS အဖွဲ့ဝင် Rapper Suga ခေါ် Min Yoongi ၏ Agust D ၏ ပထမဦးဆုံး Mix-tape ဖြစ်သည့် ဂီတထွက်ရှိခဲ့သည်မှာ ရှစ်နှစ်ပြည့်သွားပြီဖြစ်ပြီး Agust D ဆိုသည်ကို ပရိသတ် စိတ်ဝင်စားနေကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Agust D ၏ အဓိပ္ပာယ်မှာ Agus ဆိုသည်မှာ Suga ဖြစ်ပြီး T D - Town D မှာ Suga ၏ မွေးရပ်မြေ Daegu ဖြစ်၍ ဒယ်ဂူသားလေး Suga ဟု အဓိပ္ပာယ်ရသည်။

BTS မှ Suga အဖြစ်မဟုတ်ဘဲ အမည်ရင်း Min Yoongi ၏ ပုံစံတစ်ခုဖြစ်က Agust D တွင် သူ့ခံစားချက်များ အမှန်အတိုင်း ချပြရေးသားထားပြီး သူ့ဘဝအကြောင်းနှင့် အခြားသူကို ပြောချင်သည့်စကားများ ချရေးထားခြင်းဖြစ်ပြီး တစ်ကိုယ်တော်ရေး၊ ဆို၊ ထုတ်လုပ်ထားသည်။

တစ်ကိုယ်တော်ဂီတနှင့် Mix-tape 2 နှင့် Physical Album တစ်ခု ထွက်ရှိထားကာ DJ Friz က နောက်ခံသီဆိုပေးထားပြီး ဂီတ Album ခေါင်းစဉ်ကို Agust D ဟု ပေးထားခြင်းဖြစ်သည်။

"ငါက ကောင်လေးတစ်ယောက်ပါကွာ။ ဂျူနီယာလား၊ စီနီယာလား။ ဒါတွေ အရေးမကြီးဘူး။ ငါ့ကို မနှစ်မြို့တာလား။ ငါက Weak ဒါမှမဟုတ် F✱၊ မြေပြင်ပေါ်မှာ ငါ့သမိုင်းကို ချရေးလိုက်၊ ထပ်ပြီးတော့လည်း မျှော်လင့်ချက်တွေ ပျောက်ဆုံးနေတဲ့ Rapper တွေရဲ့ အလင်းရောင်က လေ၊ အကြောက်တရားတွေက မနာလိုဖြစ်နေတဲ့သူတွေ၊ ဘာတွေ တွေးကြောက်နေတာလဲ။ ငါ ဖယ်ရှားပေးမယ်။ အောင်မြင်မှုတွေရလာခဲ့ရင်..... Rapper ရှုတ်ဆိုခဲ့သည်။

(SKY)

## Jung So Min ၏ Love Next Door ပရိသတ် စိတ်ဝင်စား

ကိုရီးယားအနုပညာရှင် Jung So Min နှင့် Jung Hae In တို့ ပါဝင်ထားသည့် Love Next Door ဇာတ်လမ်းတွဲ၊ Father is Strange တို့နှင့်အတူ ပရိသတ် စိတ်ဝင်စားမှု ရရှိထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Lee Joon နှင့် Jung So Min တို့ အတူပါဝင်ထားသည့် Father is Strange ရိုက်ကူးရေးတွင် အချစ်များ ပွင့်လန်းလာကြသည်ကို ၂၀၁၈ခုနှစ် နှစ်ဆန်းတွင် Dispatch က စုံတွဲပုံများနှင့် လျှပ်တစ်ပြက် အချစ်ပုံများ ဖော်ထုတ်ပြသခဲ့ကြသည်။

၂၀၂၀ပြည့်နှစ်တွင် အနုပညာလုပ်ငန်းများ အချိန်ပြည့်နေကြပြီး လမ်းခွဲခဲ့သတင်း ထွက်ပေါ်ခဲ့ကာ တစ်ဦးနှင့်တစ်ဦး စီနီယာ၊ ဂျူနီယာ ဆက်ဆံရေးအတိုင်း သဘောတူခဲ့ကြပြီး Love Next Door ၏ ကျော်ကြားမှုနှင့်အတူ Jung So Min နှင့် တွဲဖက်သရုပ်ဆောင် Jung Hae In တို့ ဆွဲဆောင်မှုရှိသော လိုက်ဖက်မှုကြောင့် ပရိသတ် စိတ်ဝင်စားခဲ့ကြသည်။

Lee Joon နှင့် Jung So Min တို့ အချစ်ဇာတ်လမ်း ပြန်လည် ဆန်းသစ်လာသကဲ့သို့ Jung Hae In နှင့် ချိတ်ဆက်မှုကိုလည်း ပရိသတ် စိတ်ဝင်စားနေကြသည်။

(SKY)




## Alexa@Alexaundra က ကေပေါ့ပ် ပရိသတ်ဘဝမှ K Pop Idol ဖြစ်လာ

အမေရိကန်နိုင်ငံသူ Alexa ခေါ် Alexaundra က ကေပေါ့ပ် ပရိသတ်အဖြစ်မှ သူ၏အိပ်မက်ကို အကောင်အထည်ဖော်နိုင်သည့် ကေပေါ့ပ်အနုပညာရှင်ဖြစ်လာအောင် ကြိုးစားခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Alexa က DIVE Studio ၏ How Did I Get Here? Series အပိုင်း(၁၀)တွင် ကေပေါ့ပ်အနုပညာရှင်အဖြစ် လျှောက်လှမ်းခဲ့ပုံကို ပြောပြခဲ့ရာ အမည်ရင်း Alexaundra Christine Schneiderman ဖြစ်ပြီး ၂၀၀၈ခုနှစ်တွင် ကေပေါ့ပ်အနုပညာရှင်ဖြစ်ရန် အိပ်မက်ရှိခဲ့သည်။

အမေရိကန်၊ အိုလာဟိုးမားတွင် နေထိုင်သည့် သာမန်ကျောင်းသူတစ်ဦးဖြစ်ပြီး (၁၁)နှစ်ကြာမှ ပွဲဦးထွက်ခဲ့ကာ အထက်တန်းကျောင်းသူဘဝ Dance Cover နှင့်စတင်၍ ပြိုင်ပွဲတွင် အနိုင်ရကာ Making of a K Pop Star တွင် ပါဝင်ခွင့်ရပြီး ZB Label နှင့် စာချုပ် ချုပ်ခဲ့၍ Producer 48 တွင် ဝင်ပြိုင်ခဲ့ကာ Bomb သီချင်းနှင့် ပွဲထွက်ခွင့်ရခဲ့သည့်အပြင် ကြိုက်နှစ်သက်ရာ ကေပေါ့ပ်အဖွဲ့ကို ရွေးချယ်ခွင့်ပါ ရရှိခဲ့သည်။

(SKY)





## အသက်နှစ်ဆရှည်စေနိုင်မည့် ဆဲလ်ဖြစ်စဉ် အမေရိကန်သုတေသီများ လေ့လာတွေ့ရှိ

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် မာဆက်မြို့အခြေစိုက် ကာလီဖိုးနီးယားတက္ကသိုလ်မှ မော်လီကျူးနှင့် ဆဲလ်ဇီဝဗေဒပါမောက္ခ ဖရက်ဒ်ဝုလ်ဖ် ဦးဆောင်သော သုတေသီများသည် လူ့ဇီဖဆဲလ်အတွင်းရှိ ပြောင်းလဲမှုဖြစ်စဉ်များအကြောင်း သုတေသနပြု လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ အိုတီယူဒီဖ်ဟု သင်္ကေတပြုထားသည့် ပရိုတိန်းတစ်မျိုးကို အဆိုပါဆဲလ်အတွင်း ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းပရိုတိန်းက ဆဲလ်အပြောင်းအလဲဖြစ်စဉ်များကို ထိန်းချုပ်ထားကြောင်းတွေ့ရှိရပြီး သစ်သီးယင်ကောင်များဖြင့် လက်တွေ့ စမ်းသပ်ကြည့်ခဲ့သည်။

အိုတီယူဒီဖ်၏ ပြောင်းလဲမှုဖြစ်စဉ်ကို ထိန်းချုပ်နိုင်ပါက အသက်ကို နှစ်ဆရှည်စေနိုင်မည်ဟု နောက်ဆုံးတွင် ထိုသုတေသီများ တွေ့ရှိခဲ့ကြောင်း သိရသည်။

Mon

## BTS မှ Jin @ Kim Seok Jin က HYBE အတွက် ကယ်တင်ရှင် ဖြစ်လာ

BTS အဖွဲ့ဝင် Jin ခေါ် Kim Seok Jin သည် သင်တန်းအပြီး တစ်ကိုယ်တော်လှုပ်ရှားမှုများနှင့် အမာခံပရိသတ်များအတွက် အလုပ်ကြိုးစားခဲ့ရာ အကျိုးအမြတ်အားလုံး HYBE နှင့် Big Hit အတွက် ဖြစ်နေ၍ ကယ်တင်ရှင်ဖြစ်လာသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လက်ရှိ ရှန်းကန်နေရသော HYBE နှင့် Big Hit သည် Ador's CEO Min Hee Jin နှင့် ပြည်တွင်းပဋိပက္ခများ၊ အနုပညာရှင် အငြင်းပွားမှုများကြောင့် ဥက္ကဋ္ဌ ဘိတ်ဆီဟွမ်မှာ ဖြေရှင်းမှုများစွာနှင့် ကြုံတွေ့နေရပြီး စတော့ဈေးနှုန်း အတက်အကျပြဿနာနှင့် ရင်ဆိုင်နေရသည်။

Jin က သင်တန်းအပြီး 2024 Festa ပရိသတ်တွေ့ဆုံပွဲ Paris Olympic မီးရှူးတိုင် ကိုင်ဆောင်သူ၊ ရသစုံအစီအစဉ်များဖြစ်သည့် Half Star Hotel In Lost Island, Run Jin တို့တွင် ပါဝင်ထားပြီး ဒုတိယနှစ်ဝက်တွင် အဆိုတော်တစ်ဦးအဖြစ် တစ်ကြော့ပြန်ဝင်ရောက်လာ၍ Jin ကို HYBE နှင့် Big Hit ၏ကယ်တင်ရှင်ဟု ပရိသတ်များ သတ်မှတ်ထားကြသည်။

(SKY)



## Hyun Jin က Versace SS25 ၏ သံတမန်ဖြစ်လာ

ကေပေါ့ပ်လောကက၏ အလှနတ်သားဟု တင်စားခံရသည့် Hyun Jin သည် Versace SS 25 ၏ သံတမန်အဖြစ် တရုတ်အနုပညာရှင် Zhao Lusi နှင့်တွဲ၍ Milan Fashion Week ကို တက်ရောက်မည်ဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကေပေါ့ပ်လောကတွင် မျိုးဆက်သစ် အလှနတ်သားလေးအဖြစ် သတ်မှတ်ခံရသည့် Hyun Jin ၏ ခန့်ညားချောမောမှုက ပရိသတ်ကို ဆွဲဆောင်နိုင်ခဲ့ပြီး Versace SS25 ၏ အနုပညာသံတမန်ဖြစ်ခဲ့သည်။

Hyun Jin သည် အဆိုပါ ကုန်အမှတ်တံဆိပ်၏ Global Brand Ambassadors အဖြစ် တရုတ်အနုပညာရှင် နာမည်ကျော် မင်းသမီး Zhao Lusi နှင့်အတူ Milan Fashion Week ကို တက်ရောက်ခွင့်ရခဲ့၍ ပရိသတ်များ ဂုဏ်ယူမဆုံးဖြစ်နေကြသည်။

(SKY)



## Chao Tzuyu ၏ အယ်လ်ဘမ်ဝယ်ယူသူများ ဖိလစ်ပိုင်တွင် သွားဆေးခန်း အခမဲ့ပြသခွင့်ရ

ယောင်ကောင်လှမိုး ကေပေါ့ပ်အဆိုတော် Chao Tzuyu ၏ ပထမဆုံးဂီတအယ်လ်ဘမ် ထွက်ရှိလာရာ ဝယ်ယူသူများကို ဖိလစ်ပိုင် ပရိသတ်များက သွားဆေးခန်း အခမဲ့ပြသခွင့် ပေးထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Chao Tzuyu ၏ ဖိလစ်ပိုင် အမာခံပရိသတ်များက ဂီတအယ်လ်ဘမ်တစ်ချပ် ဝယ်ယူသူကို သွားဆေးခန်း အခမဲ့ကုသခြင်းဖြင့် အားပေးဂုဏ်ပြုထားသည်။

Twice အဖွဲ့ဝင် Chao Tzuyu သည် အဖွဲ့နှင့်ရော တစ်ကိုယ်တော်ပါ ဂီတအယ်လ်ဘမ်များ ပြုလုပ်နေရာ ၂၀၂၄ခုနှစ် ဒုတိယနှစ်ဝက်တွင် ဂျပန်ဂီတပွဲလုပ်ဦးမည် ဖြစ်သည်။

(SKY)

## အသက် ၇၃ နှစ်အရွယ် ရှေးရိုးစွဲဝါဒီ မီချဲဘာနီယေ ပြင်သစ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံရ



**ပဲရစ် စက်တင်ဘာ ၆**

အသက် ၇၃ နှစ်အရွယ် ရှေးရိုးစွဲဝါဒီ မီချဲဘာနီယေ စက်တင်ဘာလဆန်းပိုင်းက ပြင်သစ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန်နှင့် ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရသော နိုင်ငံရေးပါတီများအကြား အကြေအလည်ပြောဆိုဆွေးနွေးခဲ့ပြီးနောက် ၎င်းကို ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ရန် အများစု ထောက်ခံခဲ့ခြင်းဖြစ်သည်။

ပဲရစ်မြို့တော်ရှိ ဝန်ကြီးချုပ်နေအိမ်သို့ စက်တင်ဘာ ၅ ရက်က မီချဲဘာနီယေ ရောက်ရှိလာပြီး ပြင်သစ်နိုင်ငံ၏ အသက်အငယ်ဆုံး ဝန်ကြီးချုပ်ဖြစ်သူ ဂါဘရီယဲလ်အတ်တာထံမှ ရာထူးတာဝန်လွှဲပြောင်းရယူခဲ့သည်။

၎င်းအနေဖြင့် ပထမဦးစွာ အင်အားကြီး သုံးပါတီကို ကိုယ်စားပြုမည့် အစိုးရအဖွဲ့သစ် ဖွဲ့စည်းရမည်ဖြစ်ရာ အခက်အခဲနှင့် စိန်ခေါ်မှုများ ကြုံရမည်ဟု ဆိုသည်။

မိမိကို ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်လိုက်ခြင်းနှင့် ပတ်သက်၍ မကျေနပ်သူများ ရက်အနည်းငယ်အတွင်း ဒေါသတကြီး လမ်းများပေါ်ထွက်ကာ မြို့ရွာအနှံ့အပြား၌ ကန့်ကွက်ကြလိမ့်မည်ဟု မီချဲဘာနီယေက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။ **Mon**

## ဒေါ်လာ ၁ ဒသမ ၄ သန်းအထိ အခွန်ရှောင်ခဲ့သည်ဟု အမေရိကန်သမ္မတ၏သား ဟန်းတားဘိုင်ဒင် ဝန်ခံ



**ဝါရှင်တန် စက်တင်ဘာ ၆**

ဒေါ်လာ ၁ ဒသမ ၄ သန်းအထိ အခွန်ရှောင်ခဲ့မိသဖြင့် မိမိတွင် အပြစ်ရှိသည်ဟု အမေရိကန်သမ္မတ၏သား ဟန်းတားဘိုင်ဒင် စက်တင်ဘာ ၅ ရက်က ဝန်ခံထွက်ဆိုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အခွန်တိမ်းရှောင်မှုစွဲချက် ၉ ရပ်နှင့်ပတ်သက်၍ မိမိအပြစ်မရှိဟု မှတ်ယူကြောင်း ဟန်းတားဘိုင်ဒင်၏ ကနဦးထွက်ဆိုချက်တွင် ပါရှိခဲ့သော်လည်း သက်သေခံအရပ်ရပ်၏ ထင်ဟပ်ပြဆိုချက်များအရ မိမိ၏အမှုသည် ပြင်ဆင်ထွက်ဆိုမည် ခွင့်ပြုစေလိုကြောင်း တရားခံရှေ့နေ နေအက်ဘေးလိုဝဲလ်က တရားသူကြီးထံ တင်ပြခဲ့သည်။

ထို့နောက် လော့စ်အိန်ဂျယ်လိစ်မြို့ရှိ ပြည်ထောင်စုတရားရုံး၌ ဟန်းတားဘိုင်ဒင်က မိမိတွင် အပြစ်ရှိကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ဖခင် သမ္မတဂျိုးဘိုင်ဒင်၏ အာဏာကိုအသုံးချကာ မိမိ၏ စီးပွားရေးအကျိုးအမြတ်ရှာဖွေခဲ့သည်ဆိုသော စွဲဆိုချက်ကိုမူ ဟန်းတားဘိုင်ဒင်က ငြင်းချက်ထုတ်ထွက်ဆိုခဲ့သည်။

အခွန်တိမ်းရှောင်မှု ၉ မှုကို ပြစ်မှုထင်ရှားစီရင်လျှင် ၎င်းအနေဖြင့် ထောင်ဒဏ် ၁၇ နှစ်နှင့် ငွေဒဏ်ဒေါ်လာ ၄၅၀၀၀၀ အထိ ကျခံရဖွယ်ရှိကြောင်း သိရသည်။ **Mon**




## တောင်ကိုရီးယားနိုင်ငံ၌ အပူချိန်မြင့်တက်ရာမှ နှစ် ၅၀ အတွင်း အပူပြင်းဆုံးနွေရာသီကြုံတွေ့ခဲ့ရ

**ဆိုးလ် စက်တင်ဘာ ၆**

ယခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၌ အပူချိန်မြင့်တက်ရာမှ နှစ် ၅၀ အတွင်း အပူပြင်းဆုံးနွေရာသီကြုံတွေ့ခဲ့ရသည်ဟု ကိုရီးယားမိုးလေဝသဌာနက အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ဇွန်လမှ ဩဂုတ်လအထိ တောင်ကိုရီးယားနိုင်ငံ၏ ပျမ်းမျှအပူချိန်မှာ ၂၅ ဒသမ ၆ ဒီဂရီဆဲဆီးယပ်စ်ရှိခဲ့ကြောင်း အဆိုပါဌာနက တိုင်းတာသိရှိခဲ့သည်။

ကမ္ဘာ့ရာသီဥတုအပြောင်းအလဲက မိမိတို့နိုင်ငံအပေါ်အကျိုးသက်ရောက်ရာမှ မူလရာသီဥတုသွင်ပြင်လက္ခဏာများ ပြောင်းလဲသွားခဲ့ခြင်းဖြစ်ကြောင်း ကိုရီးယားမိုးလေဝသဌာန ညွှန်ကြားရေးမှူးဂျန်ဒေါင်အွန်းက ရှင်းလင်းပြောကြားသည်။

အဆိုပါအပူပြင်းဆုံးနွေရာသီအတွင်း တောင်ကိုရီးယားနိုင်ငံသားများအနေဖြင့် ၂၅ ဒီဂရီဆဲဆီးယပ်စ်အောက်လျော့ကျခြင်းမရှိသော ပူအိုက်သည့် ညပေါင်း ၂၀ ဖြတ်သန်းခဲ့ရကြောင်း သိရသည်။ **Mon**





အင်ဂျင်အတွင်းပိုင်း မီးလောင်မှုဖြစ်ပွားပြီးနောက် စက်တင်ဘာ ၃ ရက်မှစ၍ ရပ်နားထားရသော ကာသေးပစီဖိတ်လေကြောင်းလိုင်းမှ အဲဘတ်စ်ခရီးသည်တင်လေယာဉ်များ ကို တရုတ်နိုင်ငံ ဟောင်ကောင်လေဆိပ်၌ တွေ့ရစဉ်။ **Mon**

**STOP AIDS**



## ဘာသာရေးညီညွတ်မှုတည်ဆောက်သွားကြရန် ပုပ်ရဟန်းမင်းကြီး ဖရန့်စစ် တိုက်တွန်းပြောကြား

**ဂျကာတာ စက်တင်ဘာ ၆**

ဘာသာရေးညီညွတ်မှုတည်ဆောက်သွားကြရန် စက်တင်ဘာ ၅ ရက်က အင်ဒိုနီးရှားရောက် ပုပ်ရဟန်းမင်းကြီး ဖရန့်စစ် တိုက်တွန်းပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက် ၈၇ နှစ်အရွယ် ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်သည် ဂျကာတာမြို့တော်ရှိ ဂေလိုရာဘန်းကာနို အားကစားရုံထဲ၌ ဝတ်ပြုဆုတောင်းစဉ် ထိုသို့တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းသည် အီမမ်သခင်နာဆာရွတ်ဒင်အူမာ အမျိုးပြုသော အစ္စလာမ်ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံစဉ် ဘာသာရေးညီညွတ်မှုပူးတွဲကြေညာစာတမ်း၌ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **Mon**

## လျှပ်စစ်ကားများနှင့် အခြားပို့ကုန်များအပေါ် အခွန်လျှော့ချပေးရန် တရုတ်အစိုးရ တောင်းဆို

**ပေကျင်း စက်တင်ဘာ ၆**

လျှပ်စစ်ကားများနှင့် အခြားပို့ကုန်များအပေါ် အမေရိကန်ဘက်က အခွန်လျှော့ချပေးရန် တရုတ်အစိုးရက စက်တင်ဘာ ၅ ရက်တွင် တောင်းဆိုလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့် လက်ထက် ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်က စတင်တိုးမြှင့်ကောက်ခံခဲ့သော အခွန်အတုတ်များကို ချက်ချင်းလျှော့ချပေးရန် တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက တောင်းဆိုခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ ဒုတိယမြောက် နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးပွဲမတိုင်မီ ထိုသို့တောင်းဆိုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



## အလွန်အင်အားပြင်းသော ယာဂီတိုင်ဖုန်းမုန်တိုင်း တရုတ်နိုင်ငံ ဟောင်ကောင်ကျွန်းကို ဖြတ်သန်း

**ပေကျင်း စက်တင်ဘာ ၆**

အလွန်အင်အားပြင်းသော ယာဂီဟု အမည်ပေးထားသည့် တိုင်ဖုန်းမုန်တိုင်းကြီးသည် စက်တင်ဘာ ၆ ရက်က တရုတ်နိုင်ငံ ဟောင်ကောင်ကျွန်းကို ဖြတ်သန်းတိုက်ခတ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုနှစ်၏ ကမ္ဘာ့ဒုတိယ အင်အားအပြင်းထန်ဆုံးမုန်တိုင်းဟု မုန်တိုင်းပညာရှင်များ သတ်မှတ်ထားကြသော ယာဂီတိုင်ဖုန်းမုန်တိုင်း၏ ဗဟိုတွင် လေတိုက်နှုန်းသည် တစ်နာရီလျှင် ၂၄၅ ကီလိုမီတာအထိ ပြင်းထန်နိုင်မည်ဟု ဆိုသည်။

ဟောင်ကောင်ကျွန်းအနီးတစ်ဝိုက်တွင် စက်တင်ဘာ ၅ ရက် ညပိုင်းက လျှပ်စီးများလက်ကာ မိုးထစ်ချုန်းရွာပြီး လေလည်း ပြင်းထန်ခဲ့သည်။

ယာဂီမုန်တိုင်းသည် တရုတ်နိုင်ငံတောင်ပိုင်းသို့ ဆက်လက်ဖြန်သန်းတိုက်ခတ်ချိန်တွင် မိုးသည်းထန် ရေကြီးမြေပြိုမှုများဖြစ်ပွားနိုင်သည်ဟု သက်ဆိုင်ရာအာဏာပိုင်များက ကြိုတင်သတိပေးထားသည်။

ထိုအင်အားပြင်း ယာဂီတိုင်ဖုန်းမုန်တိုင်းကြီးသည် တရုတ်နိုင်ငံကိုသာမက အိမ်နီးချင်း ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့ကိုပါ ခြိမ်းခြောက်လျက်ရှိကြောင်း သိရသည်။ **Mon**



၀-၀-၀-၀-၀

## ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အသိပညာပေး (Talk Show) ဆောင်ရွက်

**အောင်လံ စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အသိပညာပေး (Talk Show) ဆောင်ရွက်မှုကို အောင်လံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ လူမှုဝန်ထမ်းဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းနွယ်က မြန်မာနိုင်ငံအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ရေးဆိုင်ရာ ပူးတွဲကြေညာချက်(JC)ကို လက်မှတ်ရေးထိုးသည့်နေ့ကို အကျယ်တဝင့်ပြောကြားခဲ့သည်။

ဆက်လက်၍ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်များ အကြောင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အကောင်အထည်ဖော်သည့် လုပ်ငန်းနယ်ပယ်များ အကြောင်း၊ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်တွင် ပါဝင်သော အချက်(၃)ချက်နှင့် အကောင်အထည်ဖော် ဦးစားပေး (၆)ချက်ကို အကျယ်တဝင့် ရှင်းလင်းပြောကြားပေးခဲ့ပြီး ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုလက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသိန်းထံ ပေးအပ်ခဲ့ကြောင်း သိရသည်။




(ဝဲပုံ)

အာကာ(ပြန်/ဆက်)



## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး စက်တင်ဘာ ၆**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို - မန္တလေး)(AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ဆရာဇော်ကိုယ်ပိုင် အထက်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေလှိုင်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို-မန္တလေး)မှ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊အတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်ကို လည်းကောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းမှ ဦးစီးအရာရှိ ဒေါ်ဖြူဖြူမြင့်က ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ လုပ်ငန်းစဉ် (၅)ရပ်နှင့် ဒုဦးစီးမှူး ဒေါ်သက်သက်ဦးက မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးအကြောင်းကို ဟောပြောခဲ့ကြပြီး တက်ရောက်လာသူ ကျောင်းသား၊ကျောင်းသူများအား အသင်းဗဟို အမှုဆောင် ဦးဝင်းမင်းလှိုင်နှင့် ဒေါ်သင်းသင်းဦးတို့က မေးခွန်းများ မေးမြန်းပြီး ဖြေဆိုသူများအား ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရန် သန္နိဋ္ဌာန်ချတ်ဆိုကြကြောင်း သိရသည်။

(အပေါ်ပုံ) (၀၇၀)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့နယ်၊ အကျဲကျေးရွာ၊ ရှောင်ကွင်းလမ်းအနီး၌ ရပ်တန့်ထားသော ယာဉ် ၁၀ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ် ၁၈၃ စီး၊ ဆိုင်ကယ်အပိုပစ္စည်း ခုနစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် ယာဉ် ၁၀ စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုးကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့်ကွဲလွဲစွာ ပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုးကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုးကိုလည်းကောင်း၊ ရွာသာကြီး Dry Port၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mis-tubishi Fuso Truck တစ်စီးကိုလည်းကောင်း၊ သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့နယ်၊ဟန်မြင့်မိုရ်ကျေးရွာ ဦးရဲကြီး ထမင်းဆိုင်အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan UD Truck တစ်စီးနှင့် Hino Profia Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက်တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုးနှင့် လူသုံးကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Gold-en Dragon Bus တစ်စီးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ စက်တင်ဘာ ၅ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၁၈၃ တန်၊ အခြားသစ် ၁ ဒသမ ၉၄၂ တန်ကို သစ်တောဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ ဆိုင်ကယ်များအား ဝင်တိုက်မှုဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၆**

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၅၄လမ်းနှင့်၁၃၁လမ်းထောင့်တွင် မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ ဆိုင်ကယ်များအား ဝင်တိုက်မိပြီး အမျိုးသားတစ်ဦးထိခိုက်ဒဏ်ရာများရရှိမှု စက်တင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီ ဝန်းကျင်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦး××××× မောင်းနှင်လာသော မော်တော်ယာဉ်သည် လားရာတူရာအတိုင်း ဦး×××××× စီးနင်းမောင်းနှင်လာသော ဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ ဝင်တိုက်မိခဲ့ပြီး အနီးရှိ ဆိုင်ကယ်အရောင်းပြခန်း၌ ခင်းကျင်းထားသည့်ဆိုင်ကယ်များအား ထပ်မံဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါယာဉ်တိုက်မှုဖြစ်ရာသို့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့် ရွှေမဉ္ဇူပရဟိတ လူမှုကူညီရေးအသင်းတို့သည် သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြပြီး ထိခိုက်ဒဏ်ရာများရရှိသော ဆိုင်ကယ်စီးသူ အမျိုးသားအား ဆေးရုံသို့ ပို့ဆောင်ကာ ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၇)

# အာရှတွင် မြန်မာနိုင်ငံ ကြက်မောက်တောင်ဆည်အတွင်းသာ ကျက်စားနေထိုင်သည့် ဒေသမျိုးရင်း ငှက်ကိုးမျိုး ဂုဏ်ယူဖွယ် ရှင်သန်တည်ရှိနေ

ရန်ကုန် စက်တင်ဘာ ၆

အာရှတွင်မရှိသော ငှက်မျိုးစိတ်အချို့သည် မြန်မာနိုင်ငံ ကြက်မောက်တောင်ဆည်အတွင်း၌ ဒေသမျိုးရင်းများအဖြစ် တည်ရှိလျက်ရှိပြီး အဆိုပါငှက်ကိုးမျိုးသည် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ပြယုဂ်တစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရှင်သန်ကျက်စားလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-မိတ္ထီလာ ကားလမ်းဘေးတွင်ရှိသည့် ကြက်မောက်တောင်ဆည်သည် ပုပ္ပားတောင်မှ တောင်ဘက်သို့စီးဆင်းသည့် တောင်ဆင်းချောင်းနှင့် ကျောက်ပုံချောင်းကိုပိတ်၍ တည်ဆောက်ထားခြင်းဖြစ်ပြီး ကြက်မောက်တောင်ဆည်ကို ကာကွယ်ရန် ကြက်မောက်တောင်ကြိုးဝိုင်း၊ ပုပ္ပားတောင်ကြိုးဝိုင်းတို့ကို ကနဦးစတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ပုပ္ပားတောင်အမျိုးဥယျာဉ်ကိုဖွင့်လှစ်ခဲ့ကာ ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်အဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ကို အမှီပြုသည့် သစ်တောငှက်များနှင့် ကြက်မောက်တောင်ဆည်ကို အမှီပြုကြသည့် ရေပျော်ငှက်များ ကျက်စားလျက်ရှိရာ ဇီဝမျိုးစုံမျိုးကွဲများ ပိုမိုရှင်သန်ကျက်စားလာမှုဖြင့် အင်းလေးကန်ကဲ့သို့ ငှက်ကြည့်ဝါသနာရှင်များ လာရောက်လေ့လာကြသည့်နည်းတူ ဒေသမျိုးရင်း ငှက်ကိုးမျိုးကိုလည်း လာရောက်လေ့လာလေ့ရှိပြီး အာရှတိုက်တွင်သာမက အာဆီယံနိုင်ငံတို့တွင် မရှိသေးသော ဒေသမျိုးရင်း ငှက်မျိုးစိတ်ကိုးမျိုးကို ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။



ကြက်မောက်တောင်ဆည်နှင့် ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်တို့တွင် လုံးဝကာကွယ်ထားသော ငှက်မျိုးစိတ် ၃၀၊ သာမန်ကာကွယ်ထားသော ငှက်မျိုးစိတ် ၄၉ မျိုးနှင့် ရာသီအလိုက်ကာကွယ်ထားသော ငှက်မျိုးစိတ် ၁၈ မျိုးတို့ ရှင်သန်ကျက်စားလျက်ရှိပြီး ရေပျော်ငှက်မျိုးစိတ် ၁၆ မျိုး၊ သစ်တောငှက်မျိုးစိတ် ၈၂ မျိုးဖြင့် စုစုပေါင်း ၉၈ မျိုးမှ ကောင်ရေ ၂၅၆၈ ကောင်ကို ထိန်းသိမ်းကာကွယ်ထား၍ နှစ်စဉ် ဆောင်းခိုငှက်များနှင့် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ငှက်မျိုးစိတ်များ၊ ရေပျော်ငှက်များလည်း ဝင်ရောက်ကျက်စားလေ့ရှိသည်။

အထူးသဖြင့် အာရှနှင့်အာဆီယံနိုင်ငံတို့တွင် မရှိသေးသော ကြက်မောက်တောင်ဆည် ဒေသမျိုးရင်းသစ်တောငှက်များဖြစ်သည့် ဇွေ့ငှက်(White- throated Babbler)၊ နဖားကြိုးအမြီးဝိုင်း(Hooded Treepie)၊ မြန်မာဘီလုံးငှက်(Burmese bushlark)၊ ငှက်မင်းသားဝမ်းဖြူ(Joderns's minivet)၊ ငှက်လက်မမြီးရှည်ညို(Burmese prinia)၊ ချိုးလင်းပြာ( Burmese collared dove)၊ မျက်ခုံးဖြူ ငှက်ပြာချောက်၊ မြန်မာတစ်ငှက်(Burmese Tit)နှင့် ဧရာဝတီဘူဘူး(Ayeyarwaddy bulbul)တို့ ထိုဒေသအတွက်သာမက ဇီဝမျိုးစုံမျိုးကွဲများ၏ ဂေဟစနစ်များ ထိန်းသိမ်းရှင်သန်မှုသည် နိုင်ငံအတွက် ဂုဏ်တင့်လျက်ရှိသည်။

ကြက်မောက်တောင်ဆည်တွင် ကျက်စားနေထိုင်သည့် ငှက်မျိုးစိတ်များကို နှစ်စဉ် စာရင်းပြုစုမှတ်တမ်းတင်လေ့ရှိပြီး ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်၌ ငှက်မျိုးစိတ် ၉၈ မျိုးကို ကောက်ယူရရှိထားကာ ကမ္ဘာ့ရှားပါးစာရင်းဝင် ဆောင်းခိုငှက်များနည်းတူ ထိုဒေသအတွင်းသာတွေ့ရှိရသည့် ငှက်မျိုးစိတ် ကိုးမျိုးကိုလည်း ဆက်လက်ထိန်းသိမ်းကာကွယ်ထားကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "hirodrkn" TikTok အကောင့်နှင့် "Thant Zin Phyo" Telegram အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ(အနောက်) ရပ်ကွက်နေ သန့်ဇင်ဖြိုးအား ချမ်းအေးသာစံမြို့နယ် အမှတ်(၆)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သာယာဝတီထောင်တွင် ထောင်ပိုင်အပါအဝင် ဝန်ထမ်းများက အာဏာအလွဲသုံးနေသည်ဟု မဟုတ်မမှန် လုပ်ကြံသတင်းရေးသား

နေပြည်တော် စက်တင်ဘာ ၆

သာယာဝတီထောင်တွင် ထောင်ပိုင်အပါအဝင် ဝန်ထမ်းများက ငွေကြေးကောက်ယူခြင်း၊ ထောင်တွင်းစီးပွားရှာခြင်းများ လုပ်ကိုင်ကာ အာဏာအလွဲသုံးနေသည်ဟု Khit Thit အမည်ခံ Facebook Page က ဩဂုတ် ၃၀ ရက်တွင် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်ကို စိစစ်ရာတွင် သာယာဝတီဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိသည် အကျဉ်းထောင်၏လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သက်သာချောင်ချိရေးစသည့် ကိစ္စရပ်များကို တည်ဆဲဥပဒေနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပြီး အကျဉ်းထောင်စည်းကမ်းဖောက်ဖျက်သူများကို အကျဉ်းထောင်အက်ဥပဒေ၊ အကျဉ်းထောင်လက်စွဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲရေး နည်းလမ်းအတိုင်းသာ အပြစ်ပေးအရေးယူဆောင်ရွက်လျက်ရှိသည်။

သာယာဝတီဗဟိုအကျဉ်းထောင်တွင် တံခါးတာဝန်ကျအရာရှိသည် တားမြစ်ပိတ်ပင်ထားသောပစ္စည်းများ ဝင်ရောက်မှုမရှိစေရေး အကျဉ်းထောင်အတွင်းသို့ ဝင်/ထွက်သည့် မည်သူမဆို ရှာဖွေစစ်ဆေးပြီးမှ ဝင်/ထွက်ခွင့်ပြုပေးလျက်ရှိပြီး ထောင်တွင်းတွင် ကွမ်းယာဆိုင်ဖွင့်ခြင်း၊ အကျဉ်းသားများအား ရောင်းချခြင်းမရှိကြောင်း။

သာယာဝတီဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ မိသားစုဝင်များက ၎င်းတို့အတွက် အပ်ငွေပေးသွင်းပါက ဒုတိယတာဝန်ခံအရာရှိက စိစစ်လက်ခံပြီး အပ်ငွေမှတ်ပုံတင်စာအုပ်တွင် စနစ်တကျစာရင်းရေးသွင်း၍ မြန်မာ့စီးပွားရေးဘဏ်၌ အပ်နှံထားကာ အကျဉ်းသား အကျဉ်းသူများက ဝယ်ယူလိုသည့် အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများအား စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ပစ္စည်းဝယ်ယူမှု ကြီးကြပ်ရေးအဖွဲ့၊ ဈေးနှုန်းစုံစမ်းရေးအဖွဲ့၊ ပစ္စည်းဝယ်ယူရေးအဖွဲ့၊ ဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့ဟူ၍ အဖွဲ့များဖွဲ့ထားပြီး ရုံးတွင်းအမိန့် စာထုတ်ပြန်၍စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ထားကာ အကျဉ်းသားများ၏ အသုံးအဆောင်ပစ္စည်းများအား မဝယ်ယူမီ ဈေးနှုန်းစုံစမ်းရေးအဖွဲ့က ကနဦးသွားရောက်စုံစမ်းစေပြီးမှသာ ပစ္စည်းဝယ်ယူရေးအဖွဲ့အား စေလွှတ်၍ ဝယ်ယူစေလျက်ရှိကြောင်း၊ ပစ္စည်းများအား ရက်သတ္တ နှစ်ပတ်လျှင် တစ်ကြိမ် ဝယ်ယူပေးလျက်ရှိကာ ဈေးဝယ်ယူပေးရာတွင် ဈေးနှုန်းသက်သာပြီး လက်ကားဆိုင်၌သာ ဝယ်ယူရန် အမိန့်စာတွင် တစ်ပါတည်းထည့်သွင်းညွှန်ကြားထားပြီး ဖြစ်၍ လက်ဝါးကြီးအုပ်ပြီး စီးပွားရေးလုပ်နေသည်မှာ မမှန်ကြောင်း။

ဒုကြီးကြပ်ရေးမှူးသည် ၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်မှ ဇူလိုင် ၁၂ ရက်အထိ နေပြည်တော်တွင် သင်တန်းတက်ရောက်ခဲ့ပြီး ဇူလိုင် ၁၃ ရက်မှသာ စခန်းခွဲတွင် တာဝန်ပေးထားသူဖြစ်သဖြင့် ၂၀၂၄ ခုနှစ် မေလတွင် အကျဉ်းသားများအား ငွေကြေးကောက်ခံသည်မှာ မှန်ကန်မှုမရှိကြောင်း။

သာယာဝတီဗဟိုအကျဉ်းထောင်ရှိ အိပ်ဆောင်များ၊ တိုက်ခန်းများ လုံခြုံရေးအတွက် နေ့/ည အသုံးပြုလျက်ရှိသော သော့များသည် အိပ်ဆောင်များတွင် အလှည့်ကျခတ်၍ သုံးစွဲမှုများခြင်းကြောင့် ပျက်စီးမှုများရှိပြီး ထိုသို့ပျက်စီးပါက သက်ဆိုင်ရာအိပ်ဆောင်မှူးများက ရုံးတွင်းစာ အကျဉ်းချုပ်ဖြင့် တာဝန်ခံအရာရှိထံတင်ပြပြီး တာဝန်ခံအရာရှိကထောက်ပံ့ဌာနစိတ်သို့ အဟောင်းအပ်၊ အသစ်ထုတ်ပေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ငွေကြေးများကို ဌာန၏ရန်ပုံငွေဖြင့်သာ ဝယ်ယူသုံးစွဲလျက်ရှိပြီး အကျဉ်းသားများအား ဝယ်ယူခိုင်းခြင်း၊ ငွေကြေးကောက်ခံခြင်း မရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

မိုးမိုး

| ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ် | NGB |
| --- | --- |
| ကာဇက်စတန် ၀ - ၀ နော်ဝေ | |
| လစ်သူယေးနီးယား ၀ - ၁ ဆိုက်ပရပ်စ် | |

# ဆီဝယ်ယူခွင့်စာအုပ်ဖြင့် စားသုံးဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ရေနံချောင်း စက်တင်ဘာ ၆

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ရေနံချောင်းမြို့နယ် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်း တည်ငြိမ်လျှော့ချရေးအတွက် ဆီဝယ်ယူခွင့်စာအုပ်ဖြင့် ပြည်သူများအား သက်သာသော ဈေးနှုန်းဖြင့် ရေနံချောင်းမြို့ပေါ်ရှိ ဆီအရောင်းဆိုင် ရှစ်ဆိုင်တွင် ယနေ့မှစတင်၍ ရောင်းချပေးကြောင်း သိရသည်။

ထိုသို့ စားအုန်းဆီများ ပြည်သူများသို့ ရောင်းချပေးရာတွင် ဆီကိုယ်စားလှယ်များထံ အလှည့်ကျစနစ်ဖြင့် တစ်အိမ်ထောင်လျှင် ဆီတစ်ပိဿာနှုန်း ရောင်းချပေးသည်။

ယင်းသို့ ရောင်းချရာတွင် ဝယ်ယူရာ၌ အိမ်ထောင်စုဇယား၊ မှတ်ပုံတင်မိတ္တူတို့ဖြင့် ပြုလုပ်ထားသည့်(ဆီဝယ်ယူခွင့်စာအုပ်) ပါရှိရမည်ဖြစ်ပြီး ဆယ်ရက်လျှင် တစ်ကြိမ်၊ တစ်လသုံးကြိမ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဆီကုန်သည်များအသင်းမှ သိရသည်။

(၄၇၂)

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ။

# နိုင်ငံတကာ အားကစား သတင်းများ



## 2024 Korea Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၁၆ ရက်တွင် စတင်မည်

**ဆိုးလ် စက်တင်ဘာ ၆**

တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Korea Open တင်းနစ်ပြိုင်ပွဲ လာမည့် စက်တင်ဘာ ၁၆ ရက်တွင် စတင်မည်ဖြစ်သည်။

အဆိုပါ 2024 Korea Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၂၃ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Korea Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Korea Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အမေရိကန်တင်းနစ်မယ် Jessica Pegula ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## မာတာအား ဆစ်ဒနီဝမ်းဒါးရားစ်အသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၆**

ဩစတြေးလျကလပ် ဆစ်ဒနီဝမ်းဒါးရားစ်အသင်းသည် ချဲလ်ဆီးအသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမားဟောင်း မာတာအား တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ချဲလ်ဆီး၊ မန်ချက်စတာယူနိုက်တက်၊ ဗလင်စီယာ၊ ဂါလာတာစာရေး၊ ဗစ်ဆဲလ်ကိုဘေး စသည့် ကလပ်အသင်းများတွင် ကစားခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဆစ်ဒနီဝမ်းဒါးရားစ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။




အသက်(၃၆)နှစ်အရွယ်ရှိ မာတာက "ကျွန်တော် ဆစ်ဒနီဝမ်းဒါးရားစ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူတွေနဲ့ အသင်းပရိသတ်တွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ခဲပုံ) (NGB)**




## စီရောနယ်လ်ဒို ကစားသမားဘဝ သွင်းဂိုး ၉၀၀ ပြည့်မြောက်

**လန်ဒန် စက်တင်ဘာ ၆**

ပေါ်တူဂီလက်ရွေးစင်အသင်းနှင့် အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကစားသမားဘဝ သွင်းဂိုးပေါင်း ၉၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းက ခရိုအေးရှားအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုး တစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကစားသမားဘဝတစ်လျှောက်တွင် လက်ရွေးစင်အသင်းအတွက် ၁၃၁ ဂိုး၊ ကလပ်အသင်းများအတွက် ၇၆၉ ဂိုး၊ စုစုပေါင်း ဂိုးပေါင်း ၉၀၀ ပြည့်မြောက်ခဲ့ခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

အသက်(၃၉)နှစ်အရွယ်ရှိ စီရော်နယ်လ်ဒိုက "ကျွန်တော် အခုလို ကစားသမား သွင်းဂိုး ၉၀၀ ပြည့်မြောက်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အခုလို သွင်းဂိုးတွေနဲ့ မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(NGB)**

## ဗလာဟိုဗစ်အား စာချုပ်သက်တမ်းတိုးရန် ဂျူဗင်တပ်အသင်း စီစဉ်

**တူရင် စက်တင်ဘာ ၆**

ဂျူဗင်တပ်အသင်းသည် အသင်းတိုက်စစ်မှူး ဗလာဟိုဗစ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။



အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗလာဟိုဗစ်သည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၄ ပွဲ ကစားပြီး ၄၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည်။

ဂျူဗင်တပ်အသင်းထုတ်ပြန်ချက်တွင် ဗလာဟိုဗစ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်း တစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီ ရက်ပိုင်းအတွင်း အပြီးသတ်ချုပ်ဆိုနိုင်တော့မှာပါဟု ထုတ်ပြန်သည်။

**(ခဲပုံ)**

**(NGB)**

## အာဂျင်တီးနားအသင်းက ချီလီအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် စက်တင်ဘာ ၆**

၂၀၂၆ကမ္ဘာ့ဖလား(တောင်အမေရိကဇုန်)ခြေစစ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အာဂျင်တီးနား အသင်းနှင့် ချီလီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဂျင်တီးနားအသင်းက ချီလီအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၄၈မိနစ်တွင် အယ်လစ္စတာ၊ ပွဲချိန် ၈၅မိနစ်တွင် အယ်လ်ဗာရက်ဇ်၊ ပွဲချိန် ၉၂မိနစ်တွင် ဒီဘာလာတို့က အသီးသီး သွင်းယူပေးခဲ့သည်။ **(အောက်ပုံ)**

အာဂျင်တီးနားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား(တောင်အမေရိကဇုန်) ခြေစစ်ပွဲစဉ် လာမည့် စက်တင်ဘာ ၁၁ရက်တွင် ကိုလံဘီယာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**



### ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၇-၉-၂၀၂၄ စနေနေ့ | ည ၇း၃၀နာရီ | ဖာရိုးကျွန်းစုများ - မက်ဆီဒိုးနီးယား | ——— |
| ။ | ည ၁၀း၃၀နာရီ | ဂျော်ဂျီယာ - ချက် | ဂျော်ဂျီယာ ၁-၁ ချက် |
| ။ | ။ | အိုင်ယာလန် - အင်္ဂလန် | အိုင်ယာလန် ၀-၀ အင်္ဂလန် |
| ။ | ။ | မော်လ်ဒိုဗာ - မော်လ်တာ | ——— |
| ။ | ။ | အာမေးနီးယား - လက်ဗီးယား | အာမေးနီးယား ၂-၁ လက်ဗီးယား |
| ၈-၉-၂၀၂၄ တနင်္ဂနွေနေ့ | နံနက် ၀၁း၁၅နာရီ | ဂျာမနီ - ဟန်ဂေရီ | ဂျာမနီ ၂-၀ ဟန်ဂေရီ |
| ။ | ။ | နယ်သာလန် - ဘော့စနီးယား | နယ်သာလန် ၃-၁ ဘော့စနီးယား |
| ။ | ။ | ယူကရိန်း - အယ်လ်ဘေးနီးယား | ——— |
| ။ | ။ | ဂရိ - ဖင်လန် | ဂရိ ၂-၁ ဖင်လန် |

## မာရှယ်လ်အား ခေါ်ယူရန် ဖလာမင်ဂိုအသင်း စီစဉ်



**မန်ချက်စတာ စက်တင်ဘာ ၆**

ဖလာမင်ဂိုအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့် လမ်းခွဲထားသည့် တိုက်စစ်မှူး မာရှယ်လ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့် လမ်းခွဲထားပြီး လက်ရှိအချိန်အထိ အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ဖလာမင်ဂိုအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး မာရှယ်လ်သည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁၇ပွဲကစားပြီး ဂိုး ၉၀ထိ သွင်းယူထားသည်။

ထို့ကြောင့် ဖလာမင်ဂို အသင်းအနေဖြင့် အသင်းလက်မဲ့ဖြစ်နေသော မာရှယ်လ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ခဲပုံ)(NGB)**

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၇-၉-၂၀၂၄ စနေနေ့ | ညနေ၃း၃၀နာရီ (သုဝဏ္ဏကွင်း) | (၆)မဟာယူနိုက်တက် (L,D,L,W,W) – ဟံသာဝတီ(၃) (W,W,W,L,W) | မဟာယူနိုက်တက် ၃-၂ ဟံသာဝတီ<br>ဟံသာဝတီ ၃-၀ မဟာယူနိုက်တက် |

### ဘောလုံးသတင်းအတိုအထွာများ

* လီဗာပူးအသင်းသည် ချဲလ်ဆီးအကယ်ဒမီထွက် လူငယ်ကစားသမား ရီယိုအန်ဂူမိုဟာအား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

* ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက စပိန်အသင်းနှင့် ဆားဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေ ရလဒ်ထွက်ပေါ်ခဲ့သည်။ **(NGB)**

# လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ



**သရက် စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမများ တက်ရောက်သည်။

ရှေးဦးစွာ သရက်ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကား ပြောကြားရာတွင် သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် မူဝါဒချမှတ်ရေးအတွက် အရေးကြီးသည့် လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်သောကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သရက်ခရိုင်အတွင်း သန်းခေါင်စာရင်းကောက်ယူနိုင်သည့် နေရာဒေသများတွင် မထပ်မကျန် ကောက်ယူသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံတော်၏ အနာဂတ် စီမံချက်များအတွက် အထောက်အကူဖြစ်စေရုံသာမက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်စေရေးအတွက် အဓိကကျကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို သရက်ခရိုင်အတွင်းရှိ သရက်၊ မင်းတုန်း၊ ကံမ၊ မင်းလှမြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၃၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**စော်ထက်(သရက်)**




# အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# စားသုံးဆီဖူလုံစေရန် နေကြာသီးနှံစိုက်ပျိုး

**ရေနံချောင်း စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ဒေသခံတောင်သူများဝင်ငွေတိုးစေရန်နှင့်စားသုံးဆီဖူလုံစေရန် နေကြာသီးနှံ စိုက်ပျိုးလျက်ရှိကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေနံချောင်းမြို့နယ်တွင် "ဆီထွက်သီးနှံနေကြာကို ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံအဖြစ် စိုက်ပျိုးသွားမည်ဖြစ်ပြီး ယခင်နှစ်ကာလတူ၌ နေကြာအထွက်နှုန်း တစ်ဧကလျှင် ၅ ဒသမ ၉၆ တင်း ထွက်ရှိကြောင်း နေကြာကို ဆီနေကြာ စားသုံးဆီအဖြစ် တွင်ကျယ်စွာ အသုံးပြုကြတယ်၊ ဆီအနေနှင့်ရောင်းချပါက နေကြာဆီဈေးကောင်းရပြီး တွက်ခြေကိုက်တယ်"ဟု ဒေသခံတောင်သူ အမျိုးသားတစ်ဦးက ပြောသည်။



မြို့နယ်အတွင်း၌ နေကြာ ၅၉၂ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းအရ သိရသည်။

**(အပေါ်ပုံ)(၄၇၂)**

# ပုဗ္ဗသီရိမြို့နယ် ညောင်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖြတ်ခဲ့ကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာ မ,တည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၅ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာ မ,တည်ရန်ပုံငွေစီမံကိန်း (VRFP)ကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာ မ,တည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၂၄၀ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၀ ဦးကို ငွေကျပ် ၁၃၄သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၈၆သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူခြောက်ဦးကို ငွေကျပ် ၁၈သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် နှစ်သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၀ ဦးကို ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ်သိန်း ၂၄၀ကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**



**နော်လူး**

o-o-o-o-o-o-o

# မြန်မာ့ကော်ဖီ တောင်ကိုရီးယားဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များ ပြပွဲသို့ဖိတ်ခေါ်

**မန္တလေး စက်တင်ဘာ ၆**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ကော်ဖီပြပွဲ(Coffee Export Seoul 2025) လာမည့်နှစ်တွင် ကျင်းပသွားမည် ဖြစ်သည်။

ကော်ဖီသောက်သုံးမှုမြင့်မားသော တောင်ကိုရီးယားကော်ဖီဈေးကွက်သို့ မြန်မာ့ကော်ဖီထိုးဖောက်ဝင်ရောက်လိုသည့် ပြည်တွင်းလုပ်ငန်းရှင်များ ပါဝင်ပြသဖိတ်ခေါ်ထားသည်။

တောင်ကိုရီးယားနိုင်ငံရှိ ညီလာခံများနှင့် ပြပွဲများကျင်းပရေးစင်တာ(Convention & Exhibiton Center - COEX) နှင့် ကိုရီးယားကော်ဖီအသင်း (Korea Coffee Association- KCA)တို့ ပူးပေါင်း၍ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ၂၀၂၅ ခုနှစ်၊ ဧပြီ ၂ ရက်မှ ၅ ရက်အထိ ဆိုးလ်မြို့ ကော်ဖီပြပွဲ (Coffee Export Seoul 2025) ပြပွဲ ကျင်းပသွားမည် ဖြစ်သည်။

"ကိုရီးယားက ဖိတ်ကြားမှုတွေက ကော်ဖီနိုင်ငံကြီးတွေကို ရွေးဖိတ်ပါတယ်၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်တဲ့ ဘရာဇီး၊ ကိုလံဘီယာ အစရှိတဲ့နိုင်ငံများနှင့်အတူ ဧည့်နိုင်ငံအဖြစ် နိုင်ငံတစ်ခုကို ရွေးချယ်မယ်လို့သိထားပါတယ်"ဟု ကော်ဖီလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအား ပြပွဲ၏ တရားဝင်ဖိတ်ကြားခံရသော ဧည့်နိုင်ငံ (Guest Country) အဖြစ် ပါဝင်စေလိုကြောင်း ဖိတ်ကြားလာသည့်အတွက် မြန်မာနိုင်ငံကော်ဖီအသင်းမှ ဧည့်နိုင်ငံအဖြစ် ပါဝင်လိုပါက အဆိုပြုလွှာတစ်စောင်နှင့်အတူ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၄ ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။



**(ဝဲပုံ) ရွှေမန်း**

# စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**ပြင်ဦးလွင် စက်တင်ဘာ ၆**

လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်စေရန် ရည်ရွယ်၍ ဟောပြောဆွေးနွေးပွဲကို စက်တင်ဘာ ၅ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပိန္နဲကုန်း အ.ထ.က (ခွဲ)တွင် ကျင်းပရာ ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗမာလူမျိုးစာပေနှင့်ယဉ်ကျေးမှုအသင်း ခရိုင်အဆင့် ဒုတိယဥက္ကဋ္ဌ ဒေါ်အေဇင်မေက ဗမာလူမျိုးစာပေနှင့်ယဉ်ကျေးမှုအသင်းအား မိတ်ဆက်ပြီးနောက် စာရေးဆရာ ကိုရွှေအောင်သင်းက "အနာဂတ်ကို ပိုင်စိုးမည့်သူများ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး အဆိုပါ ဟောပြောချက်များနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားကြသည်။ ထို့နောက် အိမ်ခြံမြေဖွံ့ဖြိုး တိုးတက်ရေးအသင်း၊ ပြင်ဦးလွင်မြို့နယ်ဥက္ကဋ္ဌ ဗမာလူမျိုးစာပေနှင့်ယဉ်ကျေးမှုအသင်း၏ ခရိုင်အလုပ်အမှုဆောင် ဦးဇော်မြင့်က အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး စာရေးဆရာ ကိုရွှေအောင်သင်းက ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ပိန္နဲကုန်း အ.ထ.က (ခွဲ)မှ ကျောင်းသား၊ ကျောင်းသူများအား အသိအလိမ္မာရဖွယ် သုတ၊ ရသပုံပြင်များ ဖတ်ကြားပြခြင်း၊ နံရံကပ်စာစောင်များ၊ သုတ၊ ရသစာစောင်များ ခင်းကျင်းပြသပေးသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သွေးသွေး(ခရိုင်ပြန်/ဆက်)**



# လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း သင်တန်းဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပညာရေးဒီဂရီကောလိပ်ပညာတန်ဆောင်ခန်းမတွင် ပြုလုပ်သည်။

သင်တန်းသို့ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်တို့မှ စာရင်းစစ်၊ စာရင်းကောက် သင်တန်းသား ၄၅ ဦး တက်ရောက်ကြပြီး အဆိုပါ သင်တန်းသားများမှ နည်းပြများအဖြစ် မြို့နယ်အဆင့်တွင် ပြန်လည်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

**(အပေါ်ပုံ)**

**(၀၉၃)**

၀-၀-၀-၀-၀-၀

# မိတ္ထီလာမြို့နယ် ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ၅၀ ရာခိုင်နှုန်း ပြီးစီး

**မိတ္ထီလာ စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၇၀ သန်းတို့ဖြင့် အရှည်ပေ ၆၆၀၊ အကျယ် ၁၂ပေ၊ ထု ၆လက်မရှိ ကန်တောင်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ စုပေါင်းအားဖြင့် ဆောင်ရွက်လျက်ရှိရာ ၎င်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်သည်။ အဆိုပါ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၇၀၊ လူဦးရေ ၃၉၆ ဦးတို့မှ ရာသီမရွေး သွားလာရ အဆင်ပြေမည် ဖြစ်သည်။



မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအား နိုင်ငံတော်ထောက်ပံ့ ရန်ပုံငွေကျပ် ၂၅၅သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သန်း ၉၁ ဒသမ ၃၀ စုစုပေါင်း ငွေကျပ် (၃၄၆ ဒသမ ၃၀)သန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ(၁၇)ရွာအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

**(အပေါ်ဝဲပုံ) (၄၆၉)**

# သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**သရက် စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သရက်ခရိုင်ရုံးမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ (Bakery & Snack) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၅ရက် နံနက် ၁၀ နာရီက ရွှေမုဋ္ဌောဓမ္မာရုံအတွင်း၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**



အဆိုပါအခမ်းနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးလှမြင့်က သင်တန်းဆင်းအမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသား ၁၅ ဦးအနက် အမှန်တကယ် လုပ်ငန်းထူထောင်ရန် ဆန္ဒရှိသော ထူးချွန်သင်တန်းသား ငါးဦးကို စံသတ်မှတ်ချက်များနှင့် အညီရွေးချယ်ပြီးဖြစ်ကြောင်း၊ ၎င်းတို့အား လိုအပ်သော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများကို သုံးစွဲခွင့်ပြုသွားမည် ဖြစ်သည်။

ထို့နောက် သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)က သင်တန်းတွင် ထူးချွန်သူ သင်တန်းသား၊ သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပြီး သရက်ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးကသင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**

# ပင်မှည့်စိုက်ပျိုးထုတ်လုပ်ရောင်းချလိုသည့် လုပ်ငန်းရှင်များအတွက် (MFVP) အသင်းသို့ ဆက်သွယ်နိုင်

**မန္တလေး စက်တင်ဘာ ၆**

ပင်မှည့်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချလိုသည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း(MFVP) သို့ ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်ထားသည်။

(MFVP)အသင်းအနေဖြင့် မြန်မာ၊ တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို ဆွေးနွေးခဲ့ရာ သစ်သီးဝလံကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကိစ္စရပ်များ ဆွေးနွေးမှုတွင် ပင်မှည့်သီးစိုက်ပျိုးထုတ်လုပ်မှုအကြောင်းကို ထည့်သွင်းဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၌ ပင်မှည့်သီးစိုက်ပျိုးထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသည့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် အစုအဖွဲ့လုပ်ငန်းရှင်များအနေဖြင့် (အထူးသဖြင့် ရှမ်းပြည်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသ) မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း(MFVP)သို့ (ဖုန်း ၀၉-၄၃၁၂၇၆၅၆၊ Emil . mffvpea. office@gmail.com )သို့ အမြန်ဆက်သွယ်နိုင်သည်။

တရုတ်နိုင်ငံသို့ အသီးအနှံများနှင့် လယ်ယာထွက်ကုန်များ တင်ပို့ရာတွင်(GACC)ခွင့်ပြုချက်ရရှိရန်လိုအပ်ပြီး လက်ရှိအချိန်တွင် (GACC) ခွင့်ပြုချက်ရရှိပြီး သီးနှံအမယ်များမှာ လောင်ဂန်သီး၊ မင်းဂွတ်သီး၊ လိုင်ချီးသီး၊ ကုလားဆီးသီး၊သရက်၊ဖရဲသီး၊သခွားသီး၊ ကြက်မောက်သီး၊ ငရုတ်သီး၊ ငှက်ပျောသီးစသည့်သီးနှံအမယ်ကို တင်ပို့လျက် ရှိသည်။



ပင်မှည့်သီးနှံကိုလည်း စိုက်ပျိုးထုတ်လုပ်ပြီး တင်ပို့နိုင်ရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်းသိရသည်။

လက်ရှိအချိန်တွင်နယ်စပ် မှ တရုတ်နိုင်ငံသို့ လတ်ဆတ်သီးနှံများ တင်ပို့မှုကို ရပ်နားထားကြောင်း သိရသည်.

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀-၀

# ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးရေး- ကူညီဆောင်ရွက်ပေး

ခိုင်ဆက်ဝေ

**မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသော နိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးကို အဓိက ထားလုပ်ကိုင်ကြသော ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရန် လိုအပ်ပေသည်။ ထိုလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အားသွန်ခွန်စိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖြစ်သည်။ ဌာနအနေဖြင့် နိုင်ငံတော်ကချမှတ်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးအပ်သည့်တာဝန်များကို တတ်စွမ်းသမျှ ကျရာအခန်းကဏ္ဍမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပေသည်။**

နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု၊ ခရိုင် ၁၆၅ ခု၊ မြို့နယ် ၃၃၀ နှင့် ကျေးရွာပေါင်း ၆၃၂၁၇ ရွာ ရှိသည်။ ကျေးလက်နေပြည်သူများသည် နိုင်ငံတော်လူဦးရေ၏ ၇၀ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ၄င်းတို့အနက် ၃၀ ဒသမ ၂ ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးကြသည်။ လယ်ယာစိုက်ပျိုးကုန်ထုတ်လုပ်၍ နိုင်ငံ၏ စားနပ်ရိက္ခာဖြည့်ဆည်းပေးနေသည့် ကျေးလက်နေ ပြည်သူများလူမှုဘဝမြင့်မားရေး၊ မိသားစုဝင်ငွေတိုးလာစေရေးနှင့် တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေးတို့ကို ဖော်ဆောင်ပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးသူ လျော့နည်းကာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

"ကျေးလက်နေပြည်သူတွေရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုရာမှာ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံတွေသာမဟုတ်ဘဲ သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရရှိဖို့၊ နေ့စဉ်ဝင်ငွေရရှိနိုင်မယ့်လုပ်ငန်းတွေ ဖန်တီးပေးခြင်းဖြင့် စားဝတ်နေရေး အဆင်ပြေမယ်။ အဲဒီကတစ်ဆင့် လူနေမှုအဆင့်အတန်း မြင့်မားလာမှာဖြစ်လို့ ဌာနက လုပ်ထုံးလုပ်နည်းများနဲ့အညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်"ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တပ်ကုန်းမြို့နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက ပြောသည်။

ဖွံ့ဖြိုးတိုးတက်ရေးဟုဆိုလျှင် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းတံတားဖောက်လုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး စသည့် ရုပ်ပိုင်းဆိုင်ရာများသာ သတိထားမိကြသည်။ ပိုမိုပြည့်စုံရန်မှာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် ဆောင်ရွက်ပေးခြင်းနှင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ပေးရန်လိုပါသည်။ သို့မှသာ ကျေးလက်ဒေသတွင် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများသာမက တစ်ဦးချင်းစီ၏ စိတ်ပိုင်းဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းဆောင်ရည်မြင့်မားတိုးတက်လာခြင်းဖြင့် ကျေးလက်နှင့်မြို့ပြ ကွာဟမှု လျော့နည်းလာပေမည်။

တစ်နည်းအားဖြင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးသာမက ကျေးလက်နေပြည်သူများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ မိသားစုဝင်ငွေတိုးပွားရေး၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့် အရင်းမ,ပျောက် လည်ပတ်ရန်ပုံငွေချထားပေးသည့် စီမံကိန်းများနှင့် စွမ်းဆောင်ရည်မြှင့်သင်တန်းများ ဖွင့်လှစ်ခြင်း၊ အစုအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်စေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ ၄င်းတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

"ကျေးလက်ဒေသတွေမှာ Green Village၊ Clean Village၊ Smart Village ဖြစ်လာဖို့ စံပြကျေးရွာရွေးချယ်ပြီး လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်တွေကို ကျေးရွာလူထုကိုယ်တိုင် ဖော်ထုတ်ဆောင်ရွက်နေကြတာရှိတယ်။ ဌာနအနေနဲ့ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာမှာ နိုင်ငံ့ဘဏ္ဍာငွေအပြင် ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ NGO နဲ့ INGO အဖွဲ့အစည်းတွေအပြင် ပြည်တွင်း၊ ပြည်ပ အလှူရှင်တွေနဲ့ ချိတ်ဆက်ပြီး နေရာဒေသအလိုက် ဖွံ့ဖြိုးရေးလိုအပ်ချက်တွေကို စီမံကိန်း၊ စီမံချက်တွေရေးဆွဲ အကောင်အထည်ဖော်ပေးပါတယ်"ဟု လုပ်ငန်းစဉ်များကို ရှင်းပြခဲ့သည်။

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအနက်မှ ကျေးရွာအဆင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး စံပြစီမံကိန်း (International Poverty Reduction Cooperation Center - IPRCC) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့် မန္တလေးတိုင်းဒေသကြီး၊ တပ်ကုန်းမြို့နယ်၊ အေးချမ်းသာစံပြကျေးရွာနှင့် လယ်ဝေးမြို့နယ်၊ မင်းပြင်ကျေးရွာတို့တွင် ၂၀၁၈ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ တွေ့မြင်လာရသည်။



အဆိုပါ စီမံကိန်း စတင်ဆောင်ရွက်နိုင်ရန် ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် 17th ASEAN-3 Submit Chinese Premier, H.E Li Keqiang မှ အဆိုပြုခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှု Action Plan ကို ၂၀၁၅ ခုနှစ်က ပြုလုပ်သည့် 12th SOMRDPE တွင် အတည်ပြုခဲ့သည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ စီမံကိန်းရည်မှန်းချက်ပန်းတိုင်မှာ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာပြီး သက်ဆိုင်သူအားလုံး၏ စွမ်းဆောင်ရည် မြင့်မားတိုးတက်လာစေရန် ဖြစ်သည်။

စီမံကိန်းကာလမှာ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၁ ခုနှစ်၊ မတ်လအထိ သုံးနှစ်ကာလဖြစ်၍ နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တပ်ကုန်းမြို့နယ်ရှိ အေးချမ်းသာယာကျေးရွာနှင့် လယ်ဝေးမြို့နယ်ရှိ မင်းပြင်ကျေးရွာတို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယွမ်ငွေ ၃၃ ဒသမ ၃၃ သန်းဝန်းကျင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အဆိုပါ စီမံကိန်းကျေးရွာနှင့် နှိုင်းယှဉ်ကျေးရွာတို့ရှိ အိမ်ထောင်စု ၂၈၇ စု၏ အချက်အလက်များ၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် အိမ်ထောင်စုပေါင်း ၂၀၀ တို့မှ အသေးစိတ်အချက်အလက်များ ကောက်ယူခဲ့သည်။ ရေရရှိရေးနှင့်ပတ်သက်၍ အိမ်ထောင်စု ၄၁၅ စုအား ရေမီတာတပ်ဆင်ပေးထားပြီး RC အဆောက်အအုံနှင့် ဆောက်လုပ်ထားသည့် လူထုဖွံ့ဖြိုးရေးစင်တာ ဆောက်လုပ်ပေးထားပြီး စီမံကိန်းဆိုင်ရာ အစည်းအဝေးများ၊ ကျေးရွာအစည်းအဝေးများ၊ လေ့လာရေးခရီးစဉ် ရှင်းလင်းတင်ပြခြင်းများ၊ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သင်တန်းများဖွင့်လှစ်ခြင်းတို့တွင် အသုံးပြုလျက်ရှိသည်။

ကျေးရွာအတွင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများတွင် အရှည် ၅၀၁၅ ပေရှိ ကွန်ကရစ်လမ်းနှင့် Culvert တစ်စင်းကို ကျေးလက်လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်၍ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ရေမြောင်းပါ ကွန်ကရစ်လမ်းများ၊ လမ်းသွယ် ၁၆ လမ်း(အရှည်ပေ ၁၈၅၂၀)တို့ကို ဆောင်ရွက်ပေးခဲ့သည်။ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့ဖြစ်စေသည့် ကျေးလက်ဆေးပေးခန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ပရိဘောဂများနှင့် ဆေးပစ္စည်းများထားရှိကာ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်သည်။

ပညာရေးနှင့်ပတ်သက်ပြီး ၁၂၀'×၃၀'×၂၀' ကျယ်ဝန်းသော RC စာသင်ကျောင်းဆောင်၊ ၄၀'×၃၀'×၁၂' ကျယ်သည့် RC အဆောက်အအုံ၊ ၈၀'×၄၀' ကျယ်ဝန်းသော အားကစားကွင်း၊ ၁၅၀၉' ရှိ ကျောင်းခြံစည်းရိုးနှင့် ကျောင်းသုံးပရိဘောဂများကို အခြေခံပညာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြန်ကြားရေးနှင့်ပူးပေါင်း၍ စာကြည့်တိုက် ထိန်းသိမ်းရေးသင်တန်းများ ဖွင့်လှစ်ပေးသည်။

ကျေးလက်မီးလင်းရေးတွင် အိမ်ထောင်စု ၁၅၄ စုအတွက် လျှပ်စစ်မီတာများ တပ်ဆင်ပေးထားပြီး ဆိုလာဖြင့် လျှပ်စစ်မီးပေးခြင်းကို အဆောက်အအုံများတွင် မီးတိုင် ၁၄ ခုနှင့် လမ်းမီးတိုင် ၂၆ ခု၊ စုစုပေါင်း မီးတိုင် ၄၀ ခု တပ်ဆင်ပေးထားသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အရေးကြီးသည့်ကဏ္ဍဖြစ်၍ စီမံကိန်းကျေးရွာ နှစ်ရွာတွင် စနစ်တကျ အမှိုက်စွန့်ပစ်ရန် အသိပညာပေးခဲ့ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း စုပေါင်းအမှိုက်ကောက်ခြင်းနှင့် အမှိုက်စွန့်ပစ်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

တစ်ပိုင်တစ်နိုင် စီးပွားရေးအဖြစ် မွေးမြူရေးထုတ်ကုန်များမှတစ်ဆင့် မိသားစုဝင်ငွေတိုးလာစေရန် ၄၉'×၂၀'×၁၂' ကျယ်ဝန်းသော စံပြဝက်မွေးမြူရေးခြံ တည်ဆောက်ပေးထားပြီး မွေးမြူရေးဆိုင်ရာ ကော်မတီကို ဖွဲ့စည်းပေးထားကာ မွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် သင်တန်းများသို့ စေလွှတ်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။ မွေးမြူရေးအတွက် မ,တည်ရင်းနှီးငွေ ထုတ်ပေးကာ ရရှိလာသည့် အကျိုးအမြတ်၏ ၅၀ ရာခိုင်နှုန်းကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ထည့်ဝင်စေခြင်း ဖြစ်သည်။

ထို့အပြင် ငွေကြေးအရင်းအနှီးရရှိစေရန် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ထောက်ပံ့ပေးခဲ့ရာ ကော်မတီဖွဲ့စည်းပြီး အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြင့် လည်ပတ်ရင်းနှီးစေခဲ့သည်။ စိုက်ပျိုးရေးအတွက် ၅၂ ဦး၊ မွေးမြူရေးအတွက် ၁၃၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းအတွက် ၅၈ ဦး၊ ပေါင်း ၂၄၆ ဦးတို့ကို ငွေကျပ် ၃၆ ဒသမ ၉ သန်း ထုတ်ချေးပေးထားသည်။ ထိုငွေအရင်းအနှီးဖြင့် တစ်ပိုင်တစ်နိုင် စီးပွားရေး လုပ်ကိုင်နိုင်ခြင်းကြောင့် မိသားစုဝင်ငွေ တိုးလာကြသည်။

"စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုတွေကို စောင့်ကြည့်လေ့လာ အကဲဖြတ်နိုင်ဖို့ ပြင်ပနည်းပညာအဖွဲ့ကို ငှားရမ်းတယ်။စီမံကိန်းအခြေခံအချက်တွေကို စစ်တမ်းကောက်ယူခဲ့ပြီး ကျေးရွာသူ၊ ကျေးရွာသားများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာတွေ ညှိနှိုင်းဆွေးနွေးကြတယ်။ ကျေးရွာအဆင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စံပြစီမံကိန်း (International Poverty Reduction Cooperation Center - IPRCC ) ဆောင်ရွက်သည့် ကျေးရွာ နှစ်ရွာမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်တွေ လာရောက်လေ့လာစစ်ဆေးခဲ့ကြပြီး အောင်မြင်မှုအတွက် မှတ်တမ်းတင်ခဲ့ကြတယ်"ဟု ရှင်းပြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် လူနေမှုအဆင့်အတန်းမြင့်မားလာပြီး ကျေးလက်နှင့် မြို့ပြ ကွာဟမှု လျော့ကျလာပါမည်။ ထိုမှတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ကုန်ထုတ်စွမ်းအား မြင့်တက်လာခြင်းကြောင့် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုဘဝ တိုးတက်မြင့်မားလာမည် ဖြစ်ပေသည်။ ထိုလုပ်ငန်းစဉ်များအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတော့သည်။

## ရပ်ကွက်၊ကျေးရွာပေါင်းစုံ အလွတ်တန်း(အမျိုးသား)ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**သာစည် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်၊ကျေးရွာပေါင်းစုံ အလွတ်တန်း(အမျိုးသား)ဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက် ညနေ ၄ နာရီက မြို့နယ်ပြည်သူ့အားကစားပြိုင်ကွင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ရွာပုလဲကြီးအသင်းနှင့်နွားထိုးကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပွဲချိန်အတွင်း ဂိုးမရှိ သရေရလဒ်ဖြစ်နေသောကြောင့် ပင်နယ်တီအဆုံးအဖြတ်ကန်ကြရာ ရွာပုလဲကြီးအသင်းက ပထမရရှိခဲ့သည်။

ထို့နောက် အခမ်းအနားကို ကျင်းပရာ ပထမရသည့် အသင်းအား ချန်ပီယံဝတ်စုံများပေးအပ်ပြီး ပြိုင်ပွဲ ကျင်းပစဉ်အတွင်း ကူညီဆောင်ရွက်ပေးသော မြို့နယ်ကြက်ခြေနီအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

(ဓါတ်ပုံ)

ထို့နောက် ဆုပေးပွဲ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် အားကစားမှူး ဦးဝင်းထွန်းဦးနှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများက ပထမဆုရရှိသည့် ရွာပုလဲကြီးအသင်းကို ဆုဖလား၊ ရွှေတံဆိပ်လည်ဆွဲနှင့်ဆုငွေကျပ် ၇ သိန်း၊ ဒုတိယဆုရရှိသည့် နွားထိုးကျေးရွာအသင်းကို ငွေတံဆိပ်လည်ဆွဲနှင့်ဆုငွေကျပ် ၅ သိန်း၊ တတိယဆုရရှိသည့် ရွာကြီးကျေးရွာအသင်းကို ကြေးတံဆိပ်လည်ဆွဲနှင့် ဆုငွေကျပ်၃သိန်း၊ နေရာအလိုက် အကောင်းဆုံးဆုများနှင့် ပွဲစဉ်တလျှောက်အကောင်းဆုံးကစားသမားဆုတို့ကိုလည်း တစ်ဆုလျှင် ဆုတံဆိပ်နှင့်ဆုငွေကျပ် ငါးသောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၄၈၇)

## MSME လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**စစ်ကိုင်း စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့တွင် စက်တင်ဘာ ၅ ရက်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော MSME လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော MSMEs လုပ်ငန်းများ ဆောင်ရွက်နေမှုကို လဟယ်မြို့နယ်အဆင့် လုပ်ငန်းကွင်းဆင်းစစ်ဆေးရေးကော်မတီအဖွဲ့က လုပ်ငန်းတည်ရှိရာသို့ သွားရောက်စစ်ဆေးခဲ့သည်။ (အောက်ပုံ)

ကွင်းဆင်းစစ်ဆေးသော ကော်မတီဝင်များက မြေပြင်တွင် လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်ထားခြင်း ရှိ၊မရှိ ချေးငွေချေးယူထားသော အဖွဲ့က ချေးငွေပြန်လည်ပေးဆပ်ရန် ရှိ၊ မရှိ ချေးငွေယူသည့် အဖွဲ့အစည်းများက တင်ပြသည့် အာမခံပစ္စည်း မှန်ကန်ကိုက်ညီမှု ရှိ၊ မရှိနှင့် လုပ်ငန်းများ မြေပြင်အမှန်ဆောင်ရွက်ထားရှိမှု ရှိ၊မရှိတို့ကို သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းရှင်များက တင်ပြလာသော လုပ်ငန်းအခြေအနေများကို နာဂဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ကော်မတီထံ ဆက်လက်တင်ပြပြီး အကောင်ထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၃၉၄)









## နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အကြိုအထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကျင်းပ

**မိုင်းဖြတ် စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် စက်တင်ဘာ ၈ရက်တွင် ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အကြိုအထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၅ရက် နံနက် ၁၀နာရီက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကြောင်းများ၊ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလုပ်ငန်း လှုပ်ရှားမှုများနှင့် မြန်မာစာပေ၊ မြန်မာစကား သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့သည်။ (အပေါ်ပုံ)

ဆက်လက်၍ ဟောပြောပွဲ အပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲများကို ကျောင်းသား၊ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ရယ်ဒီမိတ်

\- ရော့
ယူပါ
ဒါက
မေတ္တာတရားပါ ။

\- ရော့
ယူပါ
ဒါက
သစ္စာတရားပါ
"သွားစမ်းပါ"တဲ့ ။

\- ရော့
ယူပါ
ဒါကတော့
အသပြာငွေပါ ။

\- ဝမ်းသာကြည်နူး
စိတ်ရည်စူးကာ
ကျေးဇူးလည်းတင်၊
ယူငင်သွားကြ
ကိုယ်စီ ကိုယ်င ။

\- မေတ္တာမမက်၊
သစ္စာပျက်ယွင်း
ချက်ချင်းသွားဝယ်၊ အရလွယ်တဲ့
"ရယ်ဒီမိတ်"ပဲ သုံးသူတွေ ။ ။

မောင်မိုးဝင်း(မန္တလေး)

## အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အသိပညာပေး Talk Show ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၇ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ အထိမ်းအမှတ် အသိပညာပေး Talk Show ကို စက်တင်ဘာ ၅ရက် နံနက် ၉နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး Talk Showအား ၂၀၂၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့၏ ဆောင်ပုဒ်ဖြစ်သော "သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံစို့"ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ ၎င်းအသိပညာပေး Talk Show တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်သန်းနိုင်တို့က အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ဖြစ်ပေါ်လာပုံ၊ လေထုညစ်ညမ်းမှု၏ ဆိုးကျိုးများ၊ လေထု အရည်အသွေး သတ်ပေးတိုင်းတာ သတ်မှတ်ခြင်း၊ လေထုညစ်ညမ်းမှု လျှော့ချနိုင်မည့် နည်းလမ်းများနှင့် လေထုညစ်ညမ်းမှု လျော့နည်းစေရေးအတွက် လိုက်နာဆောင်ရွက်သင့်သည့် အကြောင်းအရာများကို အသိပညာပေး ဆွေးနွေး ပြောကြားခဲ့ကြောင်းသိရသည်။

(ဓါတ်ပုံ)

(၄၅၃)

## သတင်းပဒေသာ

### မျောက်ကျောက် ရောဂါကြိုတင်ကာကွယ်ရေး အသိပေးရှင်းလင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့တွင် မျောက်ကျောက် ရောဂါ (Mpox) ကာကွယ်ကုသထိန်းချုပ်ရေးနှင့်ပတ်သက်၍ အသိပေးရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကဘော် ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲ ကျင်းပ

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ ခရိုင်၊ မြို့နယ် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်ဒီလာခန်းမတွင်ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူငယ်အသိပညာပေး ဟောပြော

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ဥပဒေရေးရာအသိပေးဟောပြောခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေဆိုင်ရာသိကောင်းစရာများ ဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောခြင်းစသည့် လူငယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာကြည့်တိုက်အဆောက်အအုံသစ်ဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် သဖန်းချောင်းကျေးရွာနှင့် အိုင့်ကျယ်ကျေးရွာတို့တွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေဖြင့် စာကြည့်တိုက်အဆောက်အအုံသစ်များ ဆောက်လုပ်လျက်ရှိရာ စာကြည့်တိုက်အဆောက်အအုံသစ်များကို ယမန်နေ့မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့် နည်းပြသင်တန်း၊ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဉာဏဆိုင်ရာပြိုင်ပွဲများ ကျင်းပ

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေများလေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ အသုံးချမှုဝေနိုင်ရန်ရည်ရွယ်၍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၏ ကဏ္ဍတစ်ရပ်ဖြစ်သည့် ဉာဏဆိုင်ရာပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ်၊ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အစည်းအဝေးကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ၂၀၂၄ခုနှစ်၊ ယမန်နေ့ မွန်းလွဲ ၂နာရီက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့များဖြင့် အစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့ မင်းဝံတောင်ရိုး၊ မြဂန္ဓမာချောင်တွင် (၁၀)ရက်တရားစခန်းဖွင့်လှစ်



**မန္တလေး စက်တင်ဘာ ၆**

စစ်ကိုင်းမြို့၊မင်းဝံတောင်ရိုး၊ မြဂန္ဓမာချောင်တွင် စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ၁၀ ရက် တရားစခန်းကို ဖွင့်လှစ်ခဲ့သည်။

တရားစခန်းဖွင့်ပွဲတွင် တရားစခန်းဝင်ကြမည့် ယောဂီများနှင့် အလှူရှင် ဒါယကာ၊ ဒါယကာမများအား နာယကဆရာတော် ဒေါက်တာ အဘိနေလမှ ငါးပါးသီလချီးမြှင့်ကာ ရေစက်သွန်းချအမျှပေးဝေခဲ့သည်။ (ဝဲပုံ)

အဆိုပါတရားစခန်းကို ဆရာကြီး ဒေါ်ဂန္ဓမာက ဦးစီးဆောင်ရွက်ပြီး စက်တင်ဘာ ၄ ရက်မှ ၁၄ ရက်အထိ ၁၀ရက် တရားစခန်း ဖွင့်လှစ်သွားမည်ဖြစ်ရာ ယခုအကြိမ်သည် (၇)ကြိမ်မြောက် တရားစခန်းဖြစ်ကြောင်း သိရသည်။ (ဝ၇ဝ)

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်

**မန္တလေး စက်တင်ဘာ ၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်ခြင်း ပြုလုပ်သည်။ **(အောက်ယာပုံ)**

ရွှေဦးစွာကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ဘဒ္ဒန္တကောသဝ (မွှာစရိယ၊B.A)အရှင်မြတ်ထံမှ အလှူရှင်မိသားစုက ရေစက်ချ အနုမောဒနာတရား နာယူကြည်ညိုကြပြီး ဖခင်ကြီး ဦးတင်အောင်၊ မိခင်ကြီး ဒေါ်နှင်းနှင့် မောင်လေးကိုမျိုးအောင် ကွယ်လွန်ခြင်း (၂၂)နှစ်ပြည့်တို့အား ရည်စူး၍ မထွေးထွေး(ခ)မငယ်(မျိုးအောင်ပွဲထိုင်ဇာနှင့် အဆင့်မြင့်ချည်ချောလုံချည်၊ မန်းမြန်မာပလာဇာ မြေညီထပ်၊ မန္တလေးမြို့)က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၅ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် တစ်သိန်း၊ ပေါင်း ငွေကျပ် ၁၆ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာက အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိက ဆရာတော်များ၊ သင်တန်းသံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြောင်း သိရသည်။ (ဝ၃၆)



## (၃၆)ကြိမ်မြောက် ပဋ္ဌာန်းပွဲဆွမ်း ဆက်ကပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၆**

မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရား (၃၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဒုတိယနေ့တွင် အလှူရှင်(ဦးဝင်းမြင့်)အား ရည်စူး၍ ဇနီး ဒေါ်ခင်ဝင်းသူ၊ သားသမီးမြေးတစ်စုမှ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်တော်မူသော ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)




(ကဆ)

*– *– *– *– *

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် (၆၀)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက ပေါက်ချောင်းရပ်ကွက်ရှိ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ကျင်းပသည်။



စုပေါင်းသွေးလှူဒါန်း ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ၎င်း၏ ကွပ်ကဲမှုအောက်ရှိ ရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များက ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် သွေးလှူဒါန်းခဲ့ရာ ၎င်းစုပေါင်းသွေးလှူဒါန်းပွဲသို့ ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းမင်းသီရိ၊ အထူးကု ဆရာဝန်(ရောဂါဗေဒ) ဒေါက်တာ ပြုံးဇာခြည်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြသန်း၊ မြို့မစခန်းမှူး ဒုရဲမှူး ဇော်ဝင်းလိုင်တို့က လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ရဲမှူးအောင်မြသန်းက သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား တစ်ဦးလျှင် ကြက်ဥ ၁၀လုံးနှင့် Royal D တစ်ဘူးစီ တို့အား ပေးအပ်လှူဒါန်းသည်။ ထို့နောက် အထူးကု ဆရာဝန် (ရောဂါဗေဒ)ဒေါက်တာ ပြုံးဇာခြည်အောင်က ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် သွေးလှူဒါန်းခဲ့သည့်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြသန်းက လက်ခံသည်။

အဆိုပါ (၆၀)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲတွင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ၎င်း၏ကွပ်ကဲမှုအောက်ရှိ ရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင် ၂၁ ဦးက ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၆၉)

# အရာရာ ကြောင်းကျိုးသဘာဝ ဝါဒချည်းပါပဲ

ဓမ္မ၏ဒေသနာအကြောင်းမရေးမီ မကြာသောကာလ၌ ဝါတွင်းကာလ ပြီးဆုံးတော့မည်ဖြစ်သည်။ ဤကာလသည် ထူးမြတ်သည့်လကာလဖြစ်၍ ကုသိုလ်၊ ဒါန၊ ဘာဝနာအလုပ်အား တတ်စွမ်းသမျှအားထုတ်ကြိုးကုတ်လုပ်နေကြပါသည်။ ကျွန်တော်တို့သည် ဗုဒ္ဓဘာသာ သာကီနွယ်ဝင်ဟု ခံယူထားသည့်အတိုင်း ဗုဒ္ဓ၏ကြောင်းကျိုးဝါဒ မှတ်စရာနှင့် အရှင်မထေရ်မြတ် မြတ်ဗုဒ္ဓ၏လက်ယာရံ အဂ္ဂသာဝကသည် မိမိဆရာသခင်အပေါ် အဘယ်ကြောင့် ဦးခေါင်းထား အိပ်ရပါသနည်းကို ဓမ္မဒါနအဖြစ် သိသမျှမျှဝေပေးရင်း ရေးသားလိုက်ရပါသည်။ အရှင်အဿဇိမထေရ်မြတ်သည် မြတ်စွာဘုရား၏ လက်ဦးတပည့်ငါးပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ အချိန်က မြတ်စွာဘုရား မိဂဒါဝုန်တော၌ တစ်ဝါဆိုပြီး ဝေဠုဝန်ကျောင်းတွင် သီတင်းသုံးတော်မူချိန်ဖြစ်သည်။ အရှင်အဿဇိမထေရ် ရာဇဂြိုလ်မြို့ထဲ ဆွမ်းခံကြွတော်မူရာတွင် အစဉ်အမြဲ မျက်လွှာချလျက် မိမိခြေထောက်ရွေ့လျားနေသည့် ဝါယောသဘာဝကို ကပ်ရှုရင်းနှင့် ကြွနေတော်မူပါသည်။

ဤသို့ရှုနေသည့်အတွက် စိတ်ထဲတွင် လောဘ၊ ဒေါသ၊ မောဟတရားများသည် ဝင်နိုင်စရာအကြောင်းမရှိနိုင်ပါ။ အရှင်အဿဇိအနေဖြင့်ဆိုပါလျှင် ဤလောဘ၊ ဒေါသ၊ မောဟတရားများကို ရှေးယခင်က မိဂဒါဝုန်တောတွင် မြတ်စွာဘုရားအထံတော်၌ အနတ္တလက္ခဏသုတ်ဒေသနာတော်ကို နာကြားပြီးကတည်းက အမြစ်ပြတ်ငြိမ်းသတ်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် မထေရ်မြတ်အဖို့မှာ မရှုဘဲနေချိန်တွင်လည်း ကိလေသာမဝင်နိုင်ပါ။ သို့သော်လည်း ယခုကဲ့သို့ ရှုမှတ်သွားလာနေချိန်မှာ ဖြစ်တိုင်းဖြစ်တိုင်းသော သဘာဝတရားကို သိသိနေသည့်အတွက် ကိုယ်တော်မြတ်စိတ်ကပို၍ ကြည်လင်နေပါသည်။ အရှင်မြတ်၏ စိတ်ကြည်လင်နေသဖြင့် မျက်နှာတော်ကလည်း ကြည်လင်နေရကား စိတ်မှာ အညစ်အကြေးကင်းစင်သည့်အတွက် မျက်နှာတော်က ကြည်လင်ပြီး တည်ငြိမ်ချမ်းမြေ့နေပါသဖြင့် ကြည်ညိုဖွယ် အဆင်းရှိနေ၏။ ဤသို့မျက်လွှာကိုချ ကြည်ညိုဖွယ်ကြွနေသည့် မထေရ်မြတ်ကို တိတ္ထိဂိုဏ်းဆရာကြီး သိဉ္စည်း၏တပည့် ဥပတိဿပုရဗိုဇ်ဆိုသူက မြင်နေရကား သူသည်လည်း ငြိမ်းချမ်းရေးတရား ရှာနေသူဖြစ်သည်။

ထို့ကြောင့် ဥပတိဿပုရဗိုဇ်သည် အရှင်အဿဇိမထေရ်မြတ်ကို မြင်တွေ့ရခြင်းခြင်း သူ့စိတ်ထဲမှာ ငြိမ်းအေးခြင်းအရှိန်ဓာတ်က ဟပ်သွားပါတော့သည်။ သို့ဖြစ်ရကာ ပုရဗိုဇ်စိတ်ထဲတွင် ဧကန္တဒီပုဂ္ဂိုလ်မှာတော့ တရားထူးရှိပြီး မုချပဲ၊ သူ့လက်၊ သူ့ခြေ၊ သူ့မျက်နှာဣန္ဒြေဟာ တည်ကြည်ငြိမ်သက်နေတယ်၊ အေးမြ၊ ချမ်းမြေ့တဲ့အသွင်ဟာ မျက်နှာမှာ အထင်သား ပေါ်နေသည်၊ ဒီပုဂ္ဂိုလ်ဟာ မုချတရားထူးရှိတဲ့ပုဂ္ဂိုလ်ဖြစ်ရမယ်လို့ စဉ်းစားဆင်ခြင်မိပါတော့သည်။ သို့အတွက်ကြောင့် ဤကဲ့သို့စိတ်ထဲတွင် စဉ်းစားဆင်ခြင်မိသဖြင့် ရှင်အသာဇိနောက်မှ နောက်ယောင်ခံပြီး လိုက်နေတော်မူပေသည်။ အရှင်အဿဇိ မထေရ်မြတ် ဆွမ်းတစ်ပါးစာခန့်ရချိန်တွင် သင့်ရာနေရာ၌ ဆွမ်းဘုဉ်းပေးရန်ပြုစဉ် နောက်မှလိုက်နေသည့် ပုရဗိုဇ်မြင်သောအခါ ဝင်ရောက်လှည်းကျင်း နေရာခင်းပေးတော်မူ၏၊ ဆွမ်းဘုဉ်းပေးပြီး အသင့်ပါ ရေဗူးကိုပါကပ်လှူ၏။ ၎င်းနောက် သပိတ်ဆေးအစရှိသည့် ပြုရမည့်ဝတ္တရားများကိုပါ ၎င်းက ပြုပါသည်။

အားလုံးကိစ္စပြီးချိန်မှာ ကျကျနနထိုင်နေသော အရှင်အဿဇိနားမှာ ထိုင် 'အရှင်ဘုရား မေးခွင့်ပြုတော်မူပါ' ဟု လျှောက်တင်လေသည်။ 'အရှင်ဘုရား၏ ဣန္ဒြေမှာ အလွန်ကြည်လင်၍ အသားအရေကလည်း ဝင်းဝါနေပါတယ်အရှင်ဘုရား ကြည့်ရတာဧကန္တတရားထူးရထားတဲ့ ပုဂ္ဂိုလ်နဲ့တူပါတယ်။ ဒါကြောင့် တပည့်တော်လိုက်လာရပါတယ်၊ အရှင်ဘုရားရဲ့ ဆရာက ဘယ်သူပါလဲ၊ ဘယ်ဆရာရဲ့တရားကို နှစ်သက်ပါသလဲ သိပါရစေဘုရားဟု' လျှောက်ထားပေတော့သည်။ ဤတွင် အရှင်အဿဇိက 'ငါ့ရှင် ပုရဗိုဇ် သာကီဝင်မင်းမျိုးထဲက ရဟန်းပြုလာတဲ့၊ တရားထူးရရှိတဲ့၊ ဂေါတမမြတ်စွာဘုရား ဆိုတာရှိတယ်၊ ငါဟာအဲ့ဒီ ဂေါတမမြတ်စွာဘုရားရဲ့ တပည့်ပဲ၊ အဲ့ဒီမြတ်ဘုရားရဲ့ တရားကိုပဲ ငါနှစ်သက်တယ်' ဟု ပြန်လည် မိန့်ကြားတော်မူလေသည်။ တစ်ဖန် ဥပတိဿပုရဗိုဇ်က 'အရှင်ဘုရားရဲ့ ဆရာက ဘာဝါဒရှိပါသလဲ ဘုရား' ဟု ပြန်လည်လျှောက်ထားသည်တွင် မထေရ်မြတ်က မြတ်စွာဘုရားထံ ငါရဟန်းပြုတာ မကြာသေးပါဘူး ငါ့အရှင် ဒါကြောင့် ကျယ်ကျယ်ပြန့်ပြန့်ရှင်းမပြတတ်ပါ အကျဉ်းပဲပြောပြမယ်' ဤတွင် ပုရဗိုဇ်က တပည့်တော်က သဒ္ဒါနည်းဖြင့် အကျယ်မလိုပါ လိုရင်းအဓိပ္ပာယ် သဘောလောက်ပဲ သိလိုပါဟု လျှောက်ထားသဖြင့် အရှင်အဿဇိမထေရ်မြတ်က အတိုချုံးပြီး အောက်ပါအတိုင်း ရှင်းပြပါသည်။

> **'ယေဓမ္မာ ဟေတုပ္ပဘဝါ၊**
> **တေသံ ဟေတုံ တထာ ဂတော အာဟ။**
> **တေသဉ္စယောနိရောဓော ၊**
> **ဧဝံဝါဒီ မဟာသမဏော'** ဟု မိန့်တော်မူပါသည်။

ယခုရွတ်ခဲ့သည့် ပါဠိ၏ ဆိုလိုရင်းအဓိပ္ပာယ်က ငါ့အရှင် ငါ၏ဆရာရဲ့ ဝါဒကလောကကြီးမှာ အကြောင်းနှင့်အကျိုး ဆက်စပ်ဖြစ်ပျက်နေတဲ့ သဘာဝကြီးမျှပဲဆိုတဲ့ ကြောင်းကျိုးသဘာဝဝါဒပဲဟု ဆိုလိုပါသည် ဤအဖြေက လိုရင်းအဓိပ္ပာယ်ပါပဲ။ အကြောင်းရှိလျှင် အကျိုးဖြစ်ပေါ်သည်။ အကြောင်းမရှိက အကျိုးမဖြစ်ပေါ်နိုင်ပါ။ အကြောင်းအကျိုး နှစ်ခုလုံး မဖြစ်ပေါ်လျှင် ဆင်းရဲခပ်သိမ်းငြိမ်းသည် ဆိုသည်သဘောပင်' ဟု ဖြေကြားတော်မူ၏ ဤတွင် ဥပတိဿပုရဗိုဇ်သည် တရားထူးသိရန် ပါရမီဉာဏ်ရင့်ပြီးသားမို့ အရှင်အဿဇိ၏ ''အကြောင်းကျိုးသဘာဝတရား'' မဆုံးမီမှာပင် အမှန်သဘာဝတရားကို ထိုးထွင်းသိမြင်၍ 'သောတပန်' တည်သွားပါသည်။

ထို့နောက် မြတ်စွာဘုရားကို ဖူးတွေ့ရပြီးချိန်တွင် သိစရာများကို ထိုးထွင်းသိမြင်ပြီး ကိလေသာပြီးစီး၍ ရဟန္တာဖြစ်သွားကာ ရှင်သာရိပုတ္တရာဆိုသည့် ဘွဲ့အမည်နှင့် မြတ်ဗုဒ္ဓ၏ လက်ယာရံ အဂ္ဂသာဝကအဖြစ် သာသနာမှာ ထင်ရှားလာပေသည်။ ဤတွင် ပုတ္တရာကိုယ်တော်မြတ်သည်မြတ်ဗုဒ္ဓ၏ လယ်ယာရံအဂ္ဂသာဝကတစ်ပါးဖြစ်သော်လည်း လက်ဦးဆရာဖြစ်သော အရှင်အဿဇိမထေရ်မြတ်ကို ထာဝရရိုသေလေးစားတတ်သော ပုဂ္ဂိုလ်မြတ်တစ်ဦးဖြစ်ရကား ဆရာအရှင်အဿဇိကို ပူဇော်လို၍ ရောက်လေရာအရပ်တိုင်းတွင် အရှင်အဿဇိရှိရာ အရပ်ဘက်သို့ ဦးခေါင်းထား၍ အိပ်ခြင်း၊ ရှိခိုးခြင်းတို့ကို ပြုတော်မူ၏ အရှင်သာရိပုတ္တရာ (ဝါ) ရှင်ဥပတိဿပုရဗိုဇ်၏ အပြုအမူကိုကြည့်ပြီး အကြောင်းမှန်ကို မသိကြသောရဟန်းများက အရှင်သာရိပုတ္တရာသည် အရပ်မျက်နှာများကို ရှိခိုးနေသည်ဟု ထင်မှတ်ကြသဖြင့် မိစ္ဆာဒိဋ္ဌိဟု စွပ်စွဲမိကြကာ မြတ်စွာဘုရားနားတော် ပေါက်ကြားအောင် လျှောက်ထားကြလေသည်။

ဤတွင် ရှင်တော်မြတ်ဘုရားက မေးမြန်းတော်မူသောအခါ အရှင်မြတ်ကြီးက သူ၏ လက်ဦးဆရာဖြစ်သူ အရှင်အဿဇိမထေရ်မြတ်ရှိရာသို့ ဦးခေါင်းထား၍ အိပ်ခြင်းဖြစ်ကြောင်းနှင့် ဆရာအရှင်ကို ရည်မှန်း၍ ရှိခိုးပူဇော်ခြင်းဖြစ်ကြောင်း လျှောက်ထားလေသည်။ ဤအချက်ကို အကြောင်းပြု၍ မြတ်စွာဘုရားက အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။ (ဤသည်လည်း ကြောင်းကျိုး သဘာဝ ဝါဒပင်ဖြစ်ပေသည်ဟု မှတ်ချက်ပြုရန် ဖြစ်ပေသည်။ )

အကြင်ဆရာထံမှ မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်ကို သင်ယူနာကြားမှတ်သားရာ၏ ထိုအရာကို ပုဏ္ဏားသည် ယစ်ပူဇော်သော မီးကို ရိုသေစွာ ရှိခိုးသကဲ့သို့ ရိုသေစွာ ရှိခိုးရာ၏။

> **'ယမှာ ဓမ္မံ ဝိဇာနေယျ၊**
> **သမ္မာ သဗ္ဗုဒ္ဓ ဒေသိတံ ။**
> **သက္ကစ္စံ တံ နမဿေယျ၊**
> **အဂ္ဂိ ယုတ္တံဝ ဗြာဟ္မဏော။**

(ဓမ္မပဒ -၃၉၂ ဂါထာ)

သို့ပါ၍ ပုတုဇဉ်တို့ ကျင်လည်ရာ သတ္တလောကကြီးတွင် 'လောဘ၊ ဒေါသ၊ မောဟ' များ ရှိနေသရွေ့ အရာရာမချုပ်ငြိမ်းနိုင်ပါ။ မချုပ်ငြိမ်းသရွေ့ ကြောင်းကျိုးဖြစ်စဉ်သဘာဝဝါဒကြီးက ကြီးစိုးနေပါအုံးပေမည်။ လောကကြီးမကောင်းဟု အပြစ်တင်ပုံချမရပါ။ မိမိဆိုးနေသမျှ အဆိုးသာကြုံရပါမည်၊ ကောင်းနေသမျှ အကောင်းတွေ့၍ နေပါမည်။ ဤဝါဒသည် ဗုဒ္ဓ၏ ဝါဒသာဖြစ်ပါသည်ဟု ရေးလိုက်ရပါသည်။

(သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ - သာသနာပြုလုပ်ငန်း အကြီးဆုံးကုသိုလ်)မည်၏ ။

**ကိုးကား – သာသနာ့ရောင်ခြည်စာစောင်**
**သာသနာရေးဝန်ကြီးဌာန (၂၀၀၅ခုနှစ်)**

**အိုးဝေ(မြေနီကျင်း)**

## ပြင်ဦးလွင်ခရိုင် လျှပ်စစ်မန်နေဂျာ ဝန်ထမ်းများနှင့်တွေ့ဆုံ မီတာအားလုံးမှန်မှန်ကန်ကန်ပတ်ရှုရေး ရှင်းလင်းပြောကြား

**မန္တလေး စက်တင်ဘာ ၆**

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ပြင်ဦးလွင်ခရိုင်လျှပ်စစ်မန်နေဂျာသည် မြို့နယ် လျှပ်စစ်မန်နေဂျာနှင့်အတူ စက်တင်ဘာ ၅ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ်ရှိအငယ်တန်း အင်ဂျင်နီယာများ မီတာဖတ်စာရေးများအားတွေ့ဆုံ၍ ယခုလ ဓာတ်အားသုံးစွဲယူနစ်များကို နှုန်းထားသစ်ဖြင့် စတင်ကောက်ခံမည်ဖြစ်၍ မီးသုံးစွဲသူပြည်သူများအား ရှင်းလင်းပြောကြားရေး၊ မီတာများအားလုံး အားအပြည့်အဝ မှန်မှန်ကန်ကန်ဖတ်ရှုရေး၊ မီတာဖတ်ရှုတွေ့ရှိချက်များကို သတ်မှတ်ပုံစံဖြင့် စနစ်တကျတင်ပြရေးတို့ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ပြင်ဦးလွင်ခရိုင် လျှပ်စစ်မန်နေဂျာသည် မြို့နယ်လျှပ်စစ်မန်နေဂျာနှင့်အတူ ရပ်ကွက်များအတွင်း မီတာဖတ်ရှုမှုများအား ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၄၅)

## သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများအား(ပထမ)အကြိမ် ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်

**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအနေဖြင့် ခရိုင်အဆင့် သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများအား ဆုစိစစ်ရွေးချယ်ရေး လုပ်ငန်းအဖွဲ့ဝင်များသည် ပြင်ဦးလွင်ခရိုင်အတွင်း ဆုယှဉ်ပြိုင်သော အခြေခံပညာကျောင်း ၅ ကျောင်းသို့ ကွင်းဆင်းစစ်ဆေးခြင်းကို(ပထမ) အကြိမ်အဖြစ် စက်တင်ဘာ ၅ ရက်က ကျောင်းတစ်ကျောင်းစီအလိုက် ပြိုင်ပွဲအတွက်ပြင်ဆင်ထားရှိမှုများအား သွားရောက်စစ်ဆေးခဲ့သည်။



အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို စက်တင်ဘာလနှင့် အောက်တိုဘာလများအတွင်း (၄)ကြိမ် စစ်ဆေးသွားမည်ဖြစ်ပြီး ပြင်ဆင်ထားရှိမှု အကောင်းဆုံးဆုရကျောင်းအား ၂၀၂၅ ခုနှစ် ဇွန်လတွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) (၀၅၆)

# တောင်ကြီးမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဘင်ခရာ၊ ပန်းဖွားနှင့် အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။ **(ယာပုံ)**

ဆက်လက်၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက "အလှဆုံးပန်းများပွင့်ကြပြီ"သီချင်းဖြင့် တေးသရုပ်ဖော်သီဆို ဖျော်ဖြေသည်။ ထို့နောက် "နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည်ခိုင်မာတိုးတက်စေရမည်" Video Clip ပြသသည်။

ထို့နောက် ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီနာယကက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် ထောက်ပံ့ငွေ ပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက လက်ခံရယူပြီး တာဝန်ရှိသူများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် အလှူငွေနှင့် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ရှမ်းတိုင်းရင်းသားရိုးရာအက" ဖြင့် ဖျော်ဖြေတင်ဆက်သည်။ ယင်းနောက် စာရေးဆရာမ သျှီ-အင်ကြင်းက "စာပန်းရဂုံ" ခေါင်းစဉ်ဖြင့် စာပေဟောပြောပြီး ပြည်နယ်ဝန်ကြီးချုပ်က စာရေးဆရာမ သျှီ(အင်ကြင်း)အား အမှတ်တရလက်ဆောင် ပေးအပ်သည်။ ဆက်လက်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ရေအိုး ကိုယ်စီ"အကဖြင့် ကပြဖျော်ဖြေကြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကာလ၊ ဉာဏ်ပြိုင်ပွဲများ၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲများအား လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (၃၆၈)



# ကျောက်ဆည်မြို့နယ်၊ ပင်တလည်ကျေးရွာတွင် ပန်းမုန်လာသီးနှံများ တစ်နှစ်ပတ်လုံး စိုက်ပျိုး

**ကျောက်ဆည် စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်သည် ရှေးယခင်ကတည်းကပင် ဆည်၊ မြောင်း၊ ချောင်း၊ ကန် ပေါများသည့်ဒေသဖြစ်သည့်အတွက် ဆန်စပါးကို အဓိကထား စိုက်ပျိုးကြပြီး ယာမြေများတွင် ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံ၊ ဝါ၊ ဖူးစားပြောင်း၊ ငရုတ်၊ နနွင်း၊ ဟင်းသီးဟင်းရွက်နှင့် ကျွဲ၊ နွားစာများ အမျိုးမျိုး စိုက်ပျိုးကြကြောင်းနှင့် ပင်တလည်ကျေးရွာတွင် နေထိုင်ကြသော တောင်သူအချို့သည် ပန်းမုန်လာသီးနှံများ တစ်နှစ်ပတ်လုံး စိုက်ပျိုးကြသည်။

ပန်းမုန်လာစိုက်ပျိုးခြင်းများနှင့်ပတ်သက်၍ ပိုင်ဆိုင်သည့် မြေများသည် သဲနုန်းဆန်သည့် မြေနုများဖြစ်သောကြောင့် မြေအောက်ရေတွင်းတူး၍ ကိုယ်ပိုင်ရေတင်စက်ဖြင့် တောင်သူလုပ်ငန်း လုပ်ကိုင်ကြောင်း၊ သီးနှံများ စိုက်ပျိုးရာတွင် သွင်းအားစု၊ လုပ်အား၊ ဈေးကွက်အနေအထား အားလုံးခြုံငုံပြီး စိုက်ပျိုးရတာဖြစ်သည့်အတွက် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ပြီး စီးပွားဖြစ်နိုင်သည့် ပန်းမုန်လာသီးနှံကို ရွေးချယ်ပြီး အဓိကထားကာ နှစ်ပတ်လည် စိုက်ပျိုးကြောင်း တောင်သူ ဦးဆန်းဝင်းက ပြောသည်။ **(အောက်ပုံ)**

ပန်းမုန်လာတစ်ဧက စိုက်ပျိုးမည်ဆိုပါက မြားနီတံဆိပ်ဆိုလျှင် မျိုးထုပ်ငါးထုပ် ပျိုးထောင်ရကြောင်း၊ ပန်းမုန်လာပင်များသည် ရာသီဥတုဒဏ်နှင့် ပိုးမွှားအန္တရာယ်ကျရောက်ပါက ပျက်စီးမှုလွယ်သည့် သီးနှံတစ်မျိုးဖြစ်သောကြောင့် နေ့စဉ် ကြည့်ရှုရပြီး သဘာဝပိုးနှင်ဆေးများကို အဆက်မပြတ် ဖျန်းပေးရကြောင်း၊ ပန်းမုန်လာတစ်ဧကစိုက်ပျိုးထားပါက အပင်အရေအတွက် ၁၂၀၀၀ ခန့် ဝင်ဆံ့ပြီး ဝယ်ယူမည့် ပွဲစားများက စိုက်ခင်းအထိ လာရောက်ကြည့်ရှုပြီး ကာလပေါက်ဈေးဖြင့် စိုက်ခင်း ပြတ်စာချုပ်ဖြင့် ဝယ်ယူသည့်အတွက် ငွေအပုံလိုက်ရသောကြောင့် အခြားလူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရာတွင်လည်း အဆင်ပြေသည့်အတွက် ပန်းမုန်လာသီးနှံကို အဓိထားစိုက်ပျိုးကြကြောင်း၊ ပန်းမုန်လာစိုက်ပျိုးရောင်းချသူများ ထံမှ သိရသည်။

(၄၈၅)



# ပွင့်ဖြူမြို့နယ် သူဌေးကုန်းကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအား ကွင်းဆင်းစစ်ဆေး



**ပွင့်ဖြူ စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ရွာခိုင်ကျေးရွာအုပ်စု၊ သူဌေးကုန်းကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ သူဌေးကုန်းကျေးရွာ၌ ကျေးရွာတွင်းမြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပြီးစီးသည့် ကျေးရွာတွင်းလမ်းအား ရေရှည်တည်တံ့ကောင်းမွန်အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

သူဌေးကုန်းကျေးရွာ၌ အရှည် ပေ ၄၅၀၀ ၊အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၅သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၀ ဒသမ ၇ သန်း၊ စုစုပေါင်းငွေကျပ် ၁၅ ဒသမ ၇ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၃ရက်က လုပ်ငန်းစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါကျေးရွာတွင်း မြေနီကျောက်စရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ သူဌေးကုန်းကျေးရွာရှိ အိမ်ခြေ ၂၄၉ အိမ်၊ လူဦးရေ ၁၀၈၉ ဦးအတွက် ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်ထံမှ သိရသည်။

(အပေါ်ဝဲပုံ)(၄၄၅)

# ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေအား ကွင်းဆင်းစစ်ဆေး

**မိုင်းတုံ စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ မြို့နယ်လမ်းဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ ၃၂ ဒသမ ၃၆ သန်းဖြင့် မိုင်းတုံ-မိုင်းဆတ်သွားလမ်း၊ (၁၆)မိုင်ကျေးရွာအနီးရှိ လမ်းအရှည် ပေ ၃၃၀၊ လမ်းအကျယ် ၁၈ ပေ၊ လမ်းထု ၁၂ လက်မ ကတ္တရာခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေမှုအခြေအနေကို မြို့နယ်လမ်းဦးစီးဌာနနှင့် မြို့နယ်လမ်းအရှည်အသွေးစစ်ဆေးရေးအဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ပြီးစီးမှုအခြေအနေအား ကွင်းဆင်းစစ်ဆေးကြသည်။ **(အောက်ဝဲပုံ)**



အဆိုပါ မိုင်းတုံ-မိုင်းဆတ်သွားလမ်း၊ (၁၆)မိုင်ကျေးရွာအနီးရှိ ကတ္တရာခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်မှုအား စစ်ဆေးခဲ့ရာ မိုင်းတုံမြို့နယ် လမ်းဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးရဲအောင်နိုင်နှင့် တာဝန်ရှိသူက လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ယင်းကတ္တရာခင်းခြင်း လုပ်ငန်းပြီးစီးမှုမှာ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရည်မြင့်မားသူများဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ ခေတ်စနစ်နှင့်လျော်ညီသည့် နည်းပညာများကို အကျိုးရှိရှိအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

❖ အတတ်ပညာ၊ အသိပညာ ပြည့်စုံသည့်လူသားအရင်းအမြစ်များ၊ ခေတ်မီနည်းပညာများ စသည့် နယ်ပယ်တို့ကို ပေါင်းစပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်မည့်နည်းလမ်းကို ရှာကြံဆောင်ရွက်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၆

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူး၏အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သမိုင်းကြောင်းစဉ်လာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် ပေါင်းစည်းဆက်နွယ်မှု စီမံကိန်းများအပါအဝင် နှစ်နိုင်ငံ အပြန်အလှန်အကျိုးရှိမည့် ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူး၏အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကိုအခြေခံ၍ သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ပညာတော်သင်များ အပြန်အလှန်စေလွှတ်ရေးနှင့် အိန္ဒိယနိုင်ငံတွင် Archaeological Survey of India (ASI)မှ ဖွင့်လှစ်သည့် Field School of Archaeology တွင် ဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သင်တန်းသားနှစ်ဦးခန့်နှင့် ပြတိုက်ပညာမဟာဘွဲ့သင်တန်းအတွက်သင်တန်းသားနှစ်ဦးခန့် နှစ်စဉ်ခေါ်ယူရေး၊ Information Technology (IT)၊ Computer Science နှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ Myanmar Institute of Information Technology (MIIT) ကျောင်းသားများကို အိန္ဒိယနိုင်ငံတွင် မဟာဘွဲ့ရယူရေး သင်တန်းသားနှစ်ဦးကို နှစ်စဉ်ခေါ်ယူရေး၊ Archaeological Survey of India (ASI) မှ ဆောင်ရွက်နေသည့် ပုဂံစေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ မူလရည်မှန်းထားသည့် လျာထားချက်အတိုင်း ၂၀၂၈ ခုနှစ်တွင် ပြီးစီးရေး၊ ဗုဒ္ဓဂါယာဘုရားဖူးခရီးစဉ် အပါအဝင် ဘုရားဖူးခရီးစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရတနာပုံနှင့် ISPE တို့ပွဲစဉ်အား ရွှေ့ဆိုင်း

မိုးသည်းထန်စွာ ရွာသွန်းပြီး ပြိုင်ပွဲဆက်လက်ကျင်းပ၍ မဖြစ်နိုင်တော့ခြင်းကြောင့် Myanmar National League 2024-2025 အမှတ်ပေးဘောလုံးပြိုင်ပွဲ Week-9 ရတနာပုံနှင့် ISPE အသင်းတို့ ပွဲစဉ်အား ပထမပိုင်းအပြီးတွင် ရပ်ဆိုင်းခဲ့ရသည်။

ယင်းပွဲစဉ်ကို စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီခွဲက YUSC ကွင်း၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး မိုးအဆက်မပြတ်ရွာသွန်းနေခဲ့ခြင်းကြောင့် ဒုတိယပိုင်း ပြန်လည်မစတင်မီ မိနစ် ၃၀ စောင့်ဆိုင်းခဲ့သည်။

ထိုသို့ မိနစ် ၃၀ စောင့်ဆိုင်းပြီးသော်လည်း မိုးအဆက်မပြတ်ရွာသွန်းနေခြင်း၊ ကွင်းအတွင်း ရေဝပ်မှုများပြားခြင်း၊ ဆက်လက်ယှဉ်ပြိုင်ကစားရန် လုံလောက်သော အလင်းရောင်မရရှိခြင်းတို့ကြောင့် တာဝန်ကျပြိုင်ပွဲကြီးကြပ်၊ ကွင်းလယ်ဒိုင်၊ ဒိုင်ကြီးကြပ်၊ နှစ်ဖက်အသင်း တာဝန်ရှိသူများနှင့်ညှိနှိုင်းကာ ပထမပိုင်းရလဒ် (၁-၁)ဂိုးဖြင့် ပြိုင်ပွဲအား ရပ်တန့်ခဲ့ရသည်။

ထို့ကြောင့် ရတနာပုံနှင့် ISPE အသင်းတို့ပွဲစဉ်၏ ဒုတိယပိုင်းပြန်လည်ကျင်းပမည့် နေ့ရက်နှင့်အချိန်တို့ကို ဆက်လက်ထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

(NGB)

၀-၀-၀-၀-၀